# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၄၆ ဧက လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ မေ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၄၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် နေကြာသီးနှံများ စိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာ ၁၀၄၆ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ နေကြာများ စိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေကို လုပ်ဆောင်နေကြပါတယ်။ နေကြာက တစ်ဧကဆီထွက်ရှိမှုမှာ တခြားဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်းတို့ထက် ပိုများပါတယ်။ ဒီဒေသမှာနေကြာကိုဆောင်းရာသီမှာပိုပြီးစိုက်ကြတာများပါတယ်။ မိုးနေကြာကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


**ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာဝယ်**
ဆောင်းပါး စာ ၆

**ရေကြောင်းလှူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ စေတီ ပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ**
ပြည်တွင်းသတင်း စာ ၈

**နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် သတင်းအဆိပ်လုပ်**
ဆောင်းပါး စာ ၁၀

**စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၃


# ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်များ မိုးယွန်းကြီးအင်းသို့ ကောင်ရေ ၅၀၀ ခန့် ဝင်ရောက်ကျက်စားလျက်ရှိ



ရန်ကုန် မေ ၁၈

ပဲခူးတိုင်းဒေသကြီး၌ တည်ရှိသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်ကောင်ရေ ၅၀၀ ခန့် ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကောင်းမွန်သော ရေဝပ်ဒေသတစ်ခုဖြစ်ပြီး ဌာနေငှက်များနှင့် ရေပျော်ငှက်များကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့်


*စာမျက်နှာ ၅ ကော်လံ ၁* ○

# မိုးစပါး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး

ဆန်စပါးသည် မိမိတို့နိုင်ငံ၏ အရေးကြီးသော သီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပိုလျှံသည်ကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ်နိုင်ဖို့လိုသည်။ နှစ်စဉ် ဆန်စပါးထုတ်လုပ်မှုမှ ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်များ ထုတ်လုပ်မှုတို့တွင် သုံးစွဲပြီး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။ ဆန်စပါးအပါအဝင် အခြားသီးနှံများကို ပိုမိုထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံအတွက် ဝင်ငွေတိုးကာ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကိုလည်း ပိုမိုမြင့်တက်လာစေမည်ဖြစ်သည်။ ဂျီဒီပီမြင့်တက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းဟု ဆိုနိုင်သည်။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့၏ ထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် အရေးပါသော စိုက်ပျိုးသီးနှံများကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားရာ အဆိုပါပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိစေရန် ကြိုးပမ်းကြဖို့လိုသည်။ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းများမှာ မိုးစပါး တစ်ဧကလျှင် တင်း ၁၀၀၊ နွေစပါး တစ်ဧကလျှင် တင်း ၁၁၀၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၈၅ တင်း၊ မြေပဲ တစ်ဧကလျှင် တင်း ၇၀၊ နှမ်း တစ်ဧကလျှင် တင်း ၂၀၊ နေကြာ တစ်ဧကလျှင် တင်း ၅၀၊ မတ်ပဲ တစ်ဧကလျှင် ၂၅ တင်း၊ ပဲတီစိမ်း တစ်ဧကလျှင် တင်း ၂၀၊ ပဲစင်းငုံ တစ်ဧကလျှင် ၂၅ တင်း၊ ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ ၇၀၀၊ ကြံ တစ်ဧကလျှင် တန် ၃၀ ဟူ၍ဖြစ်သည်။

လက်ရှိ နိုင်ငံတစ်ဝန်း မိုးစပါး စိုက်ဧကပေါင်း ၁၅ သန်းခန့် စိုက်ပျိုးပြီး နှစ်စဉ် စပါးတင်းပေါင်း ၁၀၈၈ သန်း ထွက်ရှိကြောင်း၊ နွေစပါးစိုက်ဧကပေါင်း နှစ်သန်းခန့်မှ နှစ်စဉ်စပါးတင်းပေါင်း ၂၁၃ သန်းခန့် ထွက်ရှိကြောင်း သိရှိရသည်။ အကယ်၍သာ ပန်းတိုင်အထွက်နှုန်းများနှင့်အညီ ထွက်ရှိနိုင်မည်ဆိုပါက မိုးစပါး တင်း သန်းပေါင်း ၁၅၀၀၊ နွေစပါး တင်း သန်းပေါင်း ၂၂၀ ထွက်ရှိလာမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းများကိုသာ ရရှိပါက နှစ်စဉ် မိုးစပါး၊ နွေစပါး စုစုပေါင်း တင်း သန်းပေါင်း ၄၂၀ ကျော် ပိုမိုထွက်ရှိလာနိုင်မည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းများ ထွက်ရှိရန်ဆိုသည်မှာ မဖြစ်နိုင်လောက်သည့် သတ်မှတ်ချက်မျိုး မဟုတ်ဘဲ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ပါက ယင်းထက်ပင် ပိုမိုကျော်လွန်ထွက်ရှိသည်ကို တွေ့ရှိနိုင်သည်။

စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်ရာတွင် “ မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသည့်အခြေခံ (၄) ချက်နှင့်အညီ စိုက်ပျိုးနိုင်ကြရန် အားထုတ်ကြဖို့လိုသည်။ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမည့်မြေကို အရည်အသွေးကောင်းမွန်စေရန် စနစ်တကျပြုပြင်ပြီး လိုအပ်သည့်သွင်းအားစု မြေသြဇာများကို အချိန်ကိုက် ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်စေရန် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းတို့ကို ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တောင်သူတို့၏ အကျိုးစီးပွား မြင့်မားတိုးတက်လာမည်ဖြစ်သည်။

မိုးစပါးစိုက်ပျိုးသည့်ရာသီသည် မုတ်သုံရာသီဖြစ်သည့် အလျောက် ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝဘေးအန္တရာယ်များ အတွက်လည်း ကြိုတင်မြော်တွေး ပြင်ဆင်ထားကြဖို့လိုသည်။ တစ်နိုင်ငံလုံး မိုးစပါးစိုက်ကေများ ပြည့်မီကျော်လွန်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများနှင့်အညီ ထွက်ရှိရေး အလေးထားအားထုတ်လုပ်ကိုင်ကြခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ကြပါစေကြောင်း။ ။

# ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန




## ၁၈ - ၅ - ၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြောက်ဥက္ကလာပမြို့နယ်၌ ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအား အမှူးထား၍ ထမင်းဘူးများ လှူဒါန်း

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ) ရပ်ကွက်၊ ဥက္ကာ ၂ လမ်း ဝါတွင်း အင်္ဂပတ် မြတ်ဒါန သာသနာ့ဗိမာန်၌ ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအား အမှူးထား၍ ယနေ့ ညနေ ၄ နာရီက အဆိုပါ သာသနာ့ဗိမာန်ရှေ့၌ ထမင်းဘူးများ လှူဒါန်းခဲ့ကြသည်။

ထိုသို့ ထမင်းဘူးများ လှူဒါန်းဖြန့်ဝေပေးရာတွင် ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအားအမှူးထား၍ အလှူရှင်များနှင့် မြတ်ဒါနဓမ္မာရုံ ဂေါပကအဖွဲ့မှစုပေါင်းကာ ကြက်သားဆီပြန်နှင့် အစိမ်းကြော်ထမင်းဘူး လူဦးရေ ၃၀၀ စာ၊ ဆန်လေးဘူးပါ တစ်ထုပ်စီ လူဦးရေ ၁၀၀ စာ၊ ကြက်ဥ ၅ လုံးပါ တစ်ထုပ်စီ လူဦးရေ ၈၀ စာ စုစုပေါင်း လူဦးရေ ၄၈၀ အတွက် လှူဒါန်းဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



# မိုင်းဖြတ်၌ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်

မိုင်းဖြတ် မေ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ဆရာ ဆရာမများ၏



သင်ကြားရေး အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ရည်ရွယ်၍ အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက် ၉ နာရီက အထက(မိုင်းဖြတ်)၌ ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းကို ဆက်လက်ဆွေးနွေးပို့ချရာ နည်းပြဆရာများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေးနှင့် အနုပညာ စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသို့ အလယ်တန်းအဆင့်သင် ဆရာ ဆရာမ ၂၃ ဦး၊ မူလတန်းအဆင့်သင် ဆရာ ဆရာမ ၆၁ ဦး စုစုပေါင်း ၈၄ ဦး တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများနေထိုင်မည့် Modular House များ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက စီစဉ်ခွဲဝေပေးထားသည့် Modular House များကို ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် မြေနေရာများ၌ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်နေမှုလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများနေထိုင်မည့် Modular House များ တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

**တည်ဆောက်နေဆဲအခြေအနေ ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ဘူတာကြီးနယ်မြေ မြောက်ဘက် စက်မှုနှင့်လျှပ်စစ်ဝန်ထမ်းအိမ်ရာများအနီး၌ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်ပေးနေသည့် Modular House စခန်းအမှတ်(၁)သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာအကျယ်အဝန်း၊ တည်ဆောက် နေရာချထားမှုအကွက်ချပုံစံ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေပေးထားသည့် Modular House အရေအတွက်၊ ယနေ့အထိ လွှဲပြောင်းထုတ်ယူရရှိပြီးသည့် ပမာဏ၊ Modular House များ တည်ဆောက်နိုင်ရေး အင်ဂျင်နီယာအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှု အခြေအနေ၊ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်နေဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဘေးအန္တရာယ် မဖြစ်စေရေးမှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသည့် Modular House များနှင့် အဝီစိတွင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ နေရာချထားမှု စနစ်တကျဖြစ်စေရေး၊ ရေ၊ မီး၊ မိလ္လာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လူနှင့်ယာဉ်များ ဝင်လမ်း၊ ထွက်လမ်း အဆင်ပြေစေရေး၊ တည်ဆောက်ရေးဝန်ထမ်းအဖွဲ့များ ဘေးအန္တရာယ်ထိခိုက်မှု မဖြစ်စေရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော် ဘူတာကြီးနယ်မြေ တောင်ဘက် မြေနေရာ၌ သတ်မှတ်ထားသည့် Modular House စခန်းအမှတ်(၂) သို့ ရောက်ရှိလာရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက အဆိုပါနေရာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းမိသားစုများသာမက ဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် အခြားဌာနဝန်ထမ်းမိသားစုများကိုပါ နေရာချထားပေးနိုင်ရန် စီစဉ်အကွက်ချထားမှုအခြေအနေ၊ မီး၊ ရေရရှိရေး ဆောင်ရွက်ထားမှုအခြေအနေနှင့် လွှဲပြောင်းထုတ်ယူရရှိသည့် Modular House များအား တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး ဤစခန်းနေရာ၌ မြေအနေအထားအရ ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ဆောင်ရွက်ရန် ကိစ္စ၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်ရေးကိစ္စ၊ ခြံစည်းရိုးကာရန်ရေး စသည့်လိုအပ်ချက်များကို မှာကြားသည်။

**အမြန်ဆုံးပြောင်းရွှေ့ နေထိုင်နိုင်ရေးစီစဉ်**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရွာတော်) ရုံးနယ်မြေအတွင်းရှိ Modular House စခန်းနေရာသို့ ရောက်ရှိရာ ဌာနတည်ဆောက်ရေး တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက Modular House များတပ်ဆင်တည်ဆောက်နေမှု၊ အသုံးပြုမည့် ကျောက်ရေစည်များ စီစဉ်ထားမှု၊ သန့်စင်ခန်းများ နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး ရရှိရေးနှင့် ဝန်ထမ်းမိသားစုများ အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

လက်ရှိတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီနယ်မြေအတွက် စီစဉ်ခွဲဝေပေးသည့် Modular Office ခြောက်လုံးနှင့် Modular House ၁၅၆ လုံးတို့ကို လက်ခံရရှိထားပြီးဖြစ်ရာ Modular Office လေးလုံးနှင့် Modular House ၃၄ လုံးတို့ကို တပ်ဆင်တည်ဆောက်ပြီးစီး၍ ကျန်ရှိသည်များကိုလည်း အမြန်ဆုံးပြီးစီးအောင် တပ်ဆင်တည်ဆောက် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးလျှင်ကြီး ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် မေ ၁၈**

မန္တလေးလျှင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အဘိဓမ္မရေအကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အလှူရှင် အကယ်ဒမီ ခန့်စည်သူနှင့်အဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကယ်ဒမီ ခန့်စည်သူက ငွေကျပ်သိန်း နှစ်ရာတန်ဖိုးရှိ ဆန် ၂၄ ပြည် အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၃၀၊ ရေသန့် ၂၀ လီတာဘူး ၁၀၀၊ ကုလားပဲ ပိဿာ ၆၀၊ ဆားအထုပ် ၂၀၀၊ ခေါက်ဆွဲခြောက် အထုပ် ၁၈၀ ပါ ၄၈ ဖာ၊ ငါးခြောက် ၂၅ ပိဿာတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မန္တလေးလျှင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ လှူဒါန်းပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

# ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်မှုကောင်းမွန်စေရန် ပုံမှန်ထိန်းသိမ်းခြင်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေနှင့် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပေါင်းလောင်းရေလှောင်တမံ အပေါ်ယံ အက်ကြောင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ရာဂီမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရေပိုလွှဲ ပထမအဆင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြင်ဆင်ဆောင်ရွက်ရန် စတင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှု အခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ ရာဂီမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရေပိုလွှဲပြင်ဆင်ဆောင်ရွက်ရာတွင် လက်ရှိပျက်စီးနေမှုနှင့် ပျက်စီးနိုင်ခြေရှိသော အခြေအနေများအပေါ် အခြေခံကာ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ရရှိလာသော ဒီဇိုင်းများအပေါ် ရေရှည်ခိုင်ခံ့မှု ကောင်းမွန်စေရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပေါင်းလောင်းတမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုကောင်းမွန်စေရန် ပုံမှန်ထိန်းသိမ်းခြင်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ် တစ်ခုခုကြုံတွေ့လာရမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေအား အသေးစိတ်ကြည့်ရှုနိုင်ရန် Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး လက်ရှိစစ်ဆေးတွေ့ရှိမှု အခြေအနေများအရ ရေလှောင်တမံကြံ့ခိုင်လုံခြုံမှု အခြေအနေမှာကောင်းမွန်ပြီး စိုးရိမ်ရန် မရှိကြောင်း၊ ပေါင်းလောင်းရေလှောင်တမံသည် ဘက်စုံရေလှောင်တမံ တစ်ခုဖြစ်ပြီး လျှပ်စစ်ထုတ်လွှတ်ရေမှ ပိုလျှံရေများကို ရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးပြုနေသော စီမံကိန်းတစ်ခုဖြစ်ပြီး (၂၀၂၄-၂၀၂၅) ခု နွေစပါးရေပေးရာသီတွင် နွေစပါးနှင့် နွေသီးနှံဧက ၉၁၇၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧရိယာအတွင်းရှိ ကျောက်အိုးလျှိုပိတ်တမံ မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် တမံကိုယ်ထည်နှင့် ရေထုတ်ပြွန် ထိခိုက်ပျက်စီးခဲ့မှု၊ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနနှင့် စက်မှုလယ်ယာသင်တန်းကျောင်း (ရေဆင်း)၌ ဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီ နေထိုင်နိုင်ရေးအတွက် နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ ***ရွှေဖုံးမှ***

ပွင့်ဖြူမြို့နယ်၌ နေကြာသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို ဒေသနှင့်ကိုက်ညီသော နေကြာမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ ပိုမိုကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများ ပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားရေး သင်တန်းများပေးခြင်း၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# ပြင်ဦးလွင်မြို့နယ် သစ်တောသင်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ပြင်ဦးလွင် မေ ၁၈**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝန်ထမ်းကောင်းများ ဖြစ်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ သစ်တော သင်တန်းကျောင်း၌ ကျင်းပရာ ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ သစ်တောသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးသန်းကြည်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြန်မာစာပေ ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်နိုင်ငံလှပဖို့ ငါတို့ထူထောင်စို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တော သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသား များ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖွဲ့စည်းပုံအရ (Urban Health Center-UHC)ဒေသန္တရကျန်းမာရေးဌာနများကို မြို့ပေါ်၌ ဖွင့်လှစ်ထားရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ကျင်းပသော (Urban Health Center–UHC) ဒေသန္တရကျန်းမာရေးဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖွဲ့စည်းပုံအရ (Urban Health Center–UHC)ဒေသန္တရကျန်းမာရေးဌာနများကို မြို့ပေါ်၌ ဖွင့်လှစ်ထားရှိရာ ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အားဖြည့်နိုင်ရန်အတွက် ယခုအခါ အဆိုပါ UHC များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရာတွင် ရေရှည်အတွက် ရည်ရွယ်၍ ကနဦးဦးစားပေး မြို့နယ်အချို့တွင် အကောင်အထည်ဖော်ကာ တိုးချဲ့ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆေးဝါးများ လုံလောက်စွာဖြည့်ဆည်းထားရှိမှုအပေါ် ပြည်သူများရရှိခံစားနိုင်ရေးနှင့် မလိုလားအပ်သော ဆုံးရှုံးမှုများမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ကြစေလိုပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဆေးထိုးသင့်သည့် အသက်အရွယ်အားလုံးပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့က ဒေသန္တရကျန်းမာရေးဌာနများ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက စတင်ဆောင်ရွက်မည့် ဒေသန္တရကျန်းမာရေးဌာန ၁၂ ခုတို့၏ အခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် ဒေသန္တာရကျန်းမာရေးဌာနများ ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများက ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းကလည်း ဆေးတက္ကသိုလ်(၁)ရန်ကုန်ညှော့ခန်းမ၌ အိန္ဒိယ–မြန်မာကုန်သည်များအသင်း (India–Myanmar Chamber of Commerce–IMCC) က လျှော်ကြေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လှူဒါန်းသော ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ ဆေးဝါးများနှင့် ငွေသားကျပ်သိန်း ၂၀၀ တို့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ Second နှင့် အိန္ဒိယ–မြန်မာကုန်သည်များအသင်းဥက္ကဋ္ဌ Mr. Narish Kumur တို့က လှူဒါန်းမှုကိုလည်းကောင်း၊ Aorta Co.Ltd က လှူဒါန်းသည့် ငွေကျပ် ၂၂၂ သိန်း ခြောက်သောင်းတန်ဖိုးရှိ ဆေးဝါး ၁၀ မျိုးနှင့် ငွေသားသိန်း ၁၅၀တို့ကိုလည်းကောင်း လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုဆေးသိုလှောင်ရေးဌာန ရန်ကုန်သို့ သွားရောက်၍ မန္တလေးမြေငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယွမ် ၃၂ သန်းခန့်တန်ဖိုးရှိMobile Operation Room ၉၅ လုံးကို ယာယီလက်ခံသိမ်းဆည်းထားသည့် အခြေအနေနှင့် နမူနာတပ်ဆင်ထားသည့် ခွဲစိတ်ခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်ရေးနှင့် ရောက်ရှိပါက စနစ်တကျထိန်းသိမ်းထားရှိရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၂ မျိုးသည် ရာသီအလိုက် ဝင်ရောက်ကျက်စား လျက်ရှိရာ အဆိုပါငှက်မျိုးစိတ်များတွင် ပါဝင်သည့် ငှက်ကျားမျိုးစိတ်များ ယခုလတွင် အုပ်စုလိုက် ဝင်ရောက်ကျက်စားနေခြင်းဖြစ်သည်။

"ဒီနှစ်မှာ မုတ်သုန်စောပြီး နွေအကုန် မိုးအကူးမှာ မိုးယွန်းကြီးအင်းကို မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ငှက်ကျားကောင်ရေ ၅၀၀ နီးပါး ဝင်လာတာတွေ့ရပါတယ်။ အခုလိုတွေ့မြင်ရတာဟာ အင်းအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ အခြားသော ရေဝပ်ဒေသတွေမှာမရှိဘဲ မိုးယွန်းကြီးအင်းမှာပဲ တွေ့ရတာပါ။ တစ်နှစ်ပတ်လုံး ဟိုနားဒီနား သုံးလေးကောင်တွေ့ရပေမယ့် ဒီလတွေမှာ အုပ်စုလိုက်ဝင်ရောက်တာကိုတွေ့ရပါတယ်။ အရှေ့တောင်အာရှဒေသရဲ့ ဌာနေငှက်မျိုးစိတ်ဖြစ်တဲ့အတွက် ကမ္ဘောဒီးယား၊ ထိုင်းနဲ့ စင်ကာပူနိုင်ငံမှာတွေ့ရပြီး ကမ္ဘောဒီးယားနိုင်ငံမှာ သားပေါက်တယ်လို့ ယူဆရပါတယ်။ အစာရေစာပေါ်များတဲ့ မိုးယွန်းကြီးအင်းကို အများဆုံးဝင်ရောက်တာဟာ ရေပျော်ငှက်တွေရဲ့သဘာဝအရ အစာရေစာပေါ်များတဲ့ ရေဝပ်ဒေသတွေကို သိရှိထားတာကြောင့် စားကျက်မြေပေါ်များတဲ့ မိုးယွန်းကြီးအင်းကို ဝင်ရောက်ကျက်စားတာဟာ ဂုဏ်ယူစရာပါ။ ဒါကြောင့် ကမ္ဘာပေါ်မှာ မျိုးသုဉ်းဖို့အန္တရာယ်ရှိနေတဲ့ ငှက်မျိုးစိတ်တွေ ဝင်ရောက်ကျက်စားတဲ့ မိုးယွန်းကြီးအင်းဘေးမဲ့တော ရေရှည်တည်တံ့ဖို့အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားဖို့လည်း လိုပါတယ်"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောကြားသည်။



မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ငှက်ကျားမျိုးစိတ်များ ဧပြီလတွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း၊ နွေနှင့်မိုးရာသီ စပ်ကြားကာလ၌ စပါးပင်များတွင်ကပ်နေသည့် ခရုများကို ခရုတုတ်ငှက်များက စားသုံးလေ့ရှိပြီး ရေစပ်စပ်ရှိသည့် လယ်ကွက်များ၌ ဂုံးခရုများကို ငှက်ကျားမျိုးစိတ်များက စားသုံးလေ့ရှိရာ ယခုလပိုင်းတွင် ငှက်ကျားများ အုပ်လိုက်ကျရောက်ကျက်စားခြင်းသည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏အလှကို ပိုမိုပေါ်လွင်စေလျက် တောင်သူတို့၏ စပါးခင်းများကို ဖျက်ဆီးလေ့ရှိသည့် မိုးရာသီခရုများ၏ အန္တရာယ်ကိုလည်း လျော့ပါးစေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှင်သန်ကျက်စားသည့် ခရုတုတ်ငှက်များသည် အင်းလေးကန်တွင် သားပေါက်၍ မိုးယွန်းကြီးအင်း အပါအဝင် ရေဝပ်ဒေသများသို့ လှည့်လည်ကျက်စားလေ့ရှိပြီး ငှက်ကြီးဝန်ပိုမျိုးစိတ်သည် ဩဂုတ်လမှ စက်တင်ဘာလအထိ မိုးယွန်းကြီးအင်းအတွင်း ကျက်စားလေ့ရှိ၍ ငှက်ကျားမျိုးစိတ်သည် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တွင် ကျက်စားလေ့မရှိဘဲ မိုးယွန်းကြီးအင်းသို့ ဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။ ငှက်ကျားမျိုးစိတ်သည် ဥရောပတိုက်တွင် စပိန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂရိ၊ ဟော်လန်နိုင်ငံတို့တွင် ကျက်စားလေ့ရှိပြီး အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်တို့တွင်လည်း ကျက်စားလေ့ရှိ၍ အာရှတိုက်တွင် မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသတစ်ခုဖြစ်သော မိုးယွန်းအင်းဘေးမဲ့တောသို့ အုပ်စုလိုက် ဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဖွဲ့မာန်**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာဝယ်

■ ဒေါက်တာသန်းနိုင်စိုး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့် ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ ကမ္ဘာအနှံ့ ခြေဆန့်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ငါးနှစ်နှင့် သုံးလ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ထားချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ၇၇၇ ဒသမ ၇ သန်းခန့်ရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ ၇ ဒသမ ၀၉ သန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကမ္ဘာအနှံ့ ရောဂါကူးစက်မှုများ ဆက်လက်တည်ရှိနေဆဲ**


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားရှိခြင်းကို ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ကမ္ဘာအနှံ့ ကိုဗစ်–၁၉ ရောဂါကူးစက်မှုများကမူ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ ရောဂါ စတင်ရောက်ရှိချိန် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ၂၀၂၅ ခုနှစ် မေ ၁၁ ရက်အထိ ရောဂါဖြစ်ပွားသူ ၆၄၃၂၄၂ ဦးရှိခဲ့ပြီး ရောဂါကြောင့်သေဆုံးသူ ၁၉၄၉၄ ဦးရှိခဲ့သည်။ မြန်မာနိုင်ငံ၌ လူဦးရေတစ်သန်းတွင် ရောဂါကြောင့် သေဆုံးသူ ၃၈၁ ဦးရှိခဲ့ရာ အာဆီယံ (၁၀) နိုင်ငံတွင် သေဆုံးမှုနှုန်းအနေဖြင့် အမှတ်စဉ် (၈) ရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံများတွင် မိမိတို့နှင့်နှိုင်းယှဉ်ပါက ရောဂါကြောင့်သေဆုံးနှုန်း မြင့်မားကြောင်း တွေ့ရသည်။

**ရောဂါကူးစက်မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့**

မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်း အပါအဝင် ပြင်းထန်သည့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်မှာ သမိုင်းတွင်မှတ်တမ်းတင်ရမည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ထိုသို့ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်မှုကြောင့် ၁၃–၅–၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ရောဂါဖြင့် သေဆုံးသူအား နောက်ဆုံးတွေ့ရှိခဲ့ရပြီး ရောဂါဖြင့် ထပ်မံသေဆုံးမှုမရှိခဲ့သည်မှာ နှစ်နှစ်ကျော်အချိန်ကာလ ရှိပြီဖြစ်ပါသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုမှာ ပုံစံသစ်အနေဖြင့် ယခင်ကနှင့်မတူ နည်းပါးသောဒေသတွင်း ကူးစက်မှုများကိုတွေ့လာရပြီး ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားမှုပုံစံ (epidemic)မှ ဒေသတွင်း အမြစ်တွယ်ကူးစက်မှုပုံစံ (endemic) အသွင်သို့ ကူးပြောင်းလာသည်ကိုတွေ့ရသည်။ ထိုသို့ကူးစက်မှုပုံစံ




ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇဆင့်ကဲပြောင်းလဲလာပုံ။ (Source: Internet)

ပြောင်းလာသည်နှင့်အတူ ကမ္ဘာ့နိုင်ငံအများအပြားတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းစနစ်တွင် ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။

**ကိုဗစ် – ၁၉ ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိ**

ထိုသို့ ဒေသတွင်းအမြစ်တွယ်ကူးစက်မှု (endemic) ပုံစံသို့ ပြောင်းလဲလာခဲ့သော်လည်း ကိုဗစ်–၁၉ ရောဂါ ဗိုင်းရပ်စ်ပိုး၏သဘောသဘာဝသည် မကြာခဏမျိုးရိုးဗီဇပြောင်းလဲ၍ ပေါ်ထွက်လာတတ်ခြင်းကြောင့် ရောဂါပိုးမျိုးကွဲများ ဆက်တိုက်ထွက်ပေါ်နေသည်နှင့်အတူ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာမှုကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အထိ တွေ့နေရဆဲဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့်လည်း ကိုဗစ်–၁၉ ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

လတ်တလောတွင် ကမ္ဘာ့မီဒီယာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများမှ ထုတ်ပြန်ချက်များအရ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံစသည့် ဒေသတွင်းနိုင်ငံအချို့တို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းကို တွေ့ရှိလာရပါသည်။

**ကလေးများတွင် ကူးစက်မှုမြင့်မား**

အိမ်နီးချင်းထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၇ ရက်အထိ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း သိရသည်။ သို့ရာတွင် ၂၀၂၄ ခုနှစ်တွင် ဇန်နဝါရီလမှ မေလဆန်းအထိ ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်သူ ခုနစ်သိန်းကျော်ရှိခဲ့သဖြင့် ယခုနှစ်ဖြစ်ပွားမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသာစွာ လျော့နည်းကြောင်းသိရသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အမြင့်မားဆုံးကာလမှာ မေ ၁၁ ရက်မှ ၁၇ ရက်အတွင်းဖြစ်ပြီး ရောဂါဖြစ်ပွားသူ လူနာသစ် ၃၃၀၃၀ ရှိ၍ ဆေးရုံတက်ရောက်သူ ၁၉၁၈ ဦးနှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။ ၎င်း၏ရှေ့ရက်သတ္တပတ်ဖြစ်သည့် (၄–၅–၂၀၂၅)မှ (၁၀–၅–၂၀၂၅)အတွင်းတွင် ရောဂါဖြစ်ပွားသူ လူနာသစ် ၃၁၁၉၄ ဦးရှိ၍ ဆေးရုံတက်ရောက်သူ ၂၄၉၀ နှင့် သေဆုံးသူ ရှစ်ဦးရှိခဲ့ကြောင်း သိရ၍ အဆိုပါရက်သတ္တပတ်နှစ်ခုကို နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားသူဦးရေ ပိုမို၍များပြားလာသော်လည်း ရောဂါပြင်းထန်မှုနှင့်သေဆုံးမှု လျော့ကျလာသည်ကိုတွေ့ရသည်။ ရောဂါကူးစက်မှုမြင့်မားရခြင်းအကြောင်းအရင်းအနေဖြင့် ထိုင်းနိုင်ငံတွင် မိုးရာသီ ကာလစတင်ခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းနှင့် သင်္ကြန်ပွဲတော်ကဲ့သို့ လူစုလူဝေးဖြင့် ခရီးသွားလာမှုများပြားခဲ့သည့် အကြောင်းရင်းများကြောင့်ဟု သိရသည်။ အဓိကကူးစက်ပျံ့နှံ့သည့်ကိုဗစ်–၁၉ ဗိုင်းရပ်စ်မျိုးကွဲမှာ ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်၍မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စု၊ ထိုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလာသည့် XEC မျိုးကွဲသည် အများစုဖြစ်ကြောင်းသိရှိရပြီး ဗန်ကောက်၊ ချွန်ဘူရီနှင့် ရယောင်း စသည့်နေရာများတွင် ကူးစက်မှုနှုန်းမြင့်မား၍ ကလေးများတွင်လည်း ကူးစက်မှုမြင့်မားသည်ဟု သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဗီဇပြောင်းမျိုးကွဲအသစ်များကူးစက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် အဖျားရောဂါ လက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ဆေးရုံများတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက ဆေးရုံများတွင် သံသယလူနာများ သီးခြားထားရှိ ကုသနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းတို့အား ပိုမိုအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*

**❐ မိဘပြည်သူများအနေဖြင့် ထိုသို့ ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကိုလိုက်နာ၍ ဦးတည်အုပ်စုအလိုက်၊ အသက်အရွယ်အလိုက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်းကို မပျက်မကွက် အထူးဂရုပြု၍ရယူရမည်ဖြစ်၊ အသက်အရွယ်ကြီးရင့်သူ၊ နာတာရှည်ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျဆင်းနေသူများနှင့် လူနာနှင့်ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကို ခံယူရမည်ဖြစ်၊ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် အထက်ပါတစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို အထူးလိုက်နာဆောင်ရွက်ရမည်ဖြစ်၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကိုဗစ်-၁၉ ရောဂါ ဖြစ်နိုင်ခြေရှိသည်ကို သတိပြုပြီး လူစုလူဝေးရှောင်ကြဉ်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်းတို့ကို ဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသ၍ စနစ်တကျစစ်ဆေးကုသမှုကို ခံယူရမည်**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



**နေပြည်တော် မေ ၁၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတို့က ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့၌ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ကျင်းပ

**ဒေးဒရဲ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား ပညာရေးစနစ်နှင့်အညီ သင်ရိုးသစ် ဘာသာရပ်များကို စနစ်တကျ သင်ကြားပြသနိုင်သည့် ဆရာ ဆရာမများ လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အခြေခံပညာ အလယ်တန်းနှင့် မူလတန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကရဝိက်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် ယခုသင်တန်းက ပို့ချပေးမည့် သင်ခန်းစာများကို မှတ်သားအသုံးချ၍ ကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြား ပြသပေးသွားရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးပိုင်က သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်နှင့် ဘာသာရပ်စွမ်းရည် မြှင့်သင်တန်းကို ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ ဆရာမ ၈၇၀၊ အလယ်တန်းအဆင့် ဆရာ ဆရာမ ၃၅၉ ဦးအား သင်တန်းဆရာ ဆရာမ ၉၄ ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ (Grade-6)မှ (Grade-9)၊ (KG)မှ (Grade-5) သင်ရိုးညွှန်းတမ်း ဘာသာရပ်များကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်၌ မိုးရာသီ(အကြို)သစ်ပင်စိုက်ပွဲ ကျင်းပ

**စေတုတ္တရာ မေ ၁၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မုန်းတမံလေးမိုင်လမ်းခွဲမှ တစ်မိုင် ခြောက်ဖာလုံ ကားလမ်းဘေးတွင် ယနေ့နံနက် ၈ နာရီက မိုးရာသီ(အကြို) သစ်ပင်စိုက်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားကို သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစွမ်းထက်ကိုဦးဆောင်၍ ဝန်ထမ်းများက ပျိုးပင်များ ဖြန့်ဝေပေးခဲ့ပြီး လူ ၅၀ ကျော်မှ သစ်ပင်များအား စိုက်ပျိုးပေးခဲ့ကာ ပါဝင်သောပျိုးပင်များမှာ ကျွန်းပင်၂၀၀၊ ပျဉ်းကတိုး ၁၀၀ စုစုပေါင်း ပျိုးပင် ၃၀၀ စိုက်ပျိုးခဲ့ပြီး ဗာဒံ ၅၅ ပင်၊ စစ်ပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ မဲဇလီပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



စာမျက်နှာ ၆ မှ

### ကာကွယ်ဆေးအမျိုးအစား ရှစ်မျိုးကိုအသုံးပြု၍ အကြိမ်ပြည့်ထိုးနှံနိုင်ခဲ့

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အဓိကကျသည့် ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းအား နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် နှီးနွှယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့်ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအမျိုးအစားရှစ်မျိုးကို အသုံးပြု၍ အသက်ငါးနှစ်နှင့်အထက်ပြည်သူ ၃၆ ဒသမ ၃၆ သန်းကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံနိုင်ခဲ့ပြီး ထပ်ဆောင်းကာကွယ်ဆေး ၂၁ ဒသမ ၂၅ သန်း doses ထိုးနှံပေးနိုင်ခဲ့ပါသည်။

ကိုဗစ် -၁၉ ရောဂါဗိုင်းရပ်စ်ပိုးများ မျိုးရိုးဗီဇပြောင်းသည်နှင့်အတူ ၎င်းမျိုးဗီဇပြောင်း ရောဂါပိုးများကို ကာကွယ်နိုင်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မျိုးဆက်သစ်များသည်လည်း စဉ်ဆက်မပြတ်ထွက်ပေါ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer X.B.B. 1.5 အသုံးပြု၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသေးသည့် အသက် (၁၈) နှစ်အထက် ပြည်သူလူထု ၁၁၂၅၂၉ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၄၇၇၅ ဦးအပါအဝင် နောက်ဆုံးအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် တစ်နှစ်အတွင်းရှိသည့် ပြည်သူလူထု ၂၂၈၆၇၂၆ ဦးအား ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် မေလအတွင်းတွင် GAVI support for C 19 Vaccination အစီအစဉ်ဖြင့် ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စုနှင့် နောက်ဆက်တွဲ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကို ကာကွယ်နိုင်မည့် Pfizer COVID-19 Vaccine JN.1 များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ယခင်ကရှိခဲ့ဖူးသည့် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ လက်ရှိအချိန်တွင် ပေါ်ထွက်လာသည့် ဗိုင်းရပ်စ်အသစ် (novel coronavirus)ဖြစ်သည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ၎င်း၏ကူးစက်ပြန့်ပွားလွယ်မှု၊ လျင်မြန်စွာ မျိုးရိုးဗီဇပြောင်းလွယ်မှု၊ လူ၏ကိုယ်ခံအားစနစ်နှင့် မျိုးဆက်ဟောင်းကာကွယ်ဆေးများမှ

**❖ မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအပါအဝင် ပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်မှာ သမိုင်းတွင်မှတ်တမ်းတင်ရမည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ထိုသို့ထိရောက်စွာ ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်မှုကြောင့် ၁၃-၅-၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူအား နောက်ဆုံးတွေ့ရှိခဲ့ရပြီး ရောဂါဖြင့်ထပ်မံသေဆုံးမှုမရှိခဲ့သည်မှာ နှစ်နှစ်ကျော်အချိန်ကာလရှိပြီဖြစ်**

ပေးအပ်သော ကိုယ်ခံအားကို ရှောင်လွှဲနိုင်မှု စသည့် ဂုဏ်သတ္တိများရှိမှုကြောင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် လူသားတို့နှင့် ယှဉ်တွဲနေထိုင်ရမည်မှာ ရှောင်လွှဲခြင်းမပြုနိုင်သည့် ကိစ္စတစ်ရပ်အဖြစ် ထင်ရှားလာခဲ့ပြီဖြစ်ပါသည်။

### နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ စနစ်တကျစစ်ဆေးကုသမှုကို ခံယူရမည်

မိဘပြည်သူများအနေဖြင့် ထိုသို့ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးနှင့် အတူယှဉ်တွဲနေထိုင်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကိုလိုက်နာ၍ ဦးတည်အုပ်စုအလိုက်၊ အသက်အရွယ်အလိုက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်းကို မပျက်မကွက်အထူးဂရုပြု၍ ရယူရမည်ဖြစ်ပါသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူ၊ နာတာရှည်ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျဆင်းနေသူများနှင့် လူနာနှင့် ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကို ခံယူရမည်ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပါအဝင် အခြားသင့်တော်သည့် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကိုလိုက်နာ၍ မပျက်မကွက်ထိုးနှံမှုခံယူသင့်ပါသည်။ ထို့ပြင် စနစ်တကျ လက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ လူစုလူဝေးရှိရာနေရာများနှင့် အလုံပိတ်အခန်းများသို့ သွားရောက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) စနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် အထက်ပါတစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို အထူးလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကိုဗစ် - ၁၉ ရောဂါ ဖြစ်နိုင်ခြေရှိသည်ကို သတိပြုပြီး လူစုလူဝေးရှောင်ကြဉ်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း(mask) စနစ်တကျတပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်းတို့ကို ဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသ၍ စနစ်တကျစစ်ဆေးကုသမှုကို ခံယူရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးနှင့် ယှဉ်တွဲနေထိုင်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ လိုအပ်သည့်ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းနှင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် မေ့လျော့ခြင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၈**

နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၂၃ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် သတ္တသတ္တာဟမဟာဗောဓိ စေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်မောင်မယ်များသည် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ ရေကြောင်းလူငယ်မောင်မယ်များ သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ ရေကြောင်းလူငယ်မောင်မယ်များ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ သွားရောက်လေ့လာစဉ်။





# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ဘားအံ မေ ၁၈**

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့ကို သန့်ရှင်းသာယာလှပသော အစိမ်းရောင်ခရီးသွားမြို့တော်ဖြစ်စေရေး အပတ်စဉ် စနေနေ့များတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ရပ်ကွက်/ကျေးရွာနေပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မင်္ဂလာရွာသစ် အခြေခံပညာ မူလတန်းကျောင်း၊ ကော့ကသောင်အခြေခံပညာမူလတန်းကျောင်း၊ အုန်းတပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာနေပြည်သူများ စုစုပေါင်း ၁၀၆၀ ခန့်သည် စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း အစရှိသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အဆိုပါကျောင်းများ၏ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂများနှင့် ရေ မီး၊ မိလ္လာများ ပြည့်စုံလုံလောက်မှုရှိစေရေး ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းနေပျော်၍ စာတော်သော ကျောင်းသားကျောင်းသူများဖြစ်စေရေး စာသင်ကျောင်းများကို သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများအဖြစ် အစဉ်ဖန်တီးပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ပေ (၁၄၀ x ၃၀) အာရ်စီ နှစ်ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးမှုနှင့် စာသင်ဆောင်အတွင်း ပရိဘောဂများ ပြည့်စုံလုံလောက်မှုရှိ/မရှိ ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စာသင်ဆောင်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ နွေနှမ်းသီးနှံများ စိုက်ပျိုးထားမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာစာကြည့်တိုက်ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မေ ၁၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည်ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှမ်းသီးနှံများ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းနေမှု၊ သစ်စိမ်းမြေသြဇာ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ခရမ်းကိုင်းကျေးရွာအနီးရှိ ကွင်းအမှတ် ၁၈၂၃၊ တောင်သူ ဦးကျော်သောင်းနှင့် တောင်သူ ခုနစ်ဦးတို့၏ လယ်မြေ ၁၀ ဧကတွင် ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှမ်းသီးနှံ (ပေါင်ကြီးတင်) စနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် တောင်သူ ဦးမြလှိုင်နှင့် တောင်သူသုံးဦးတို့၏ လယ်မြေ ၂၅ ဧကတွင် သစ်စိမ်းမြေသြဇာ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဗောဓိကုန်းကျေးရွာ မွေးမြူရေးလုပ်ငန်းရှင်နှစ်ဦး၏ ဆိတ်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး နေပြည်တော် ကောင်စီဝင်သည် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ကြောင်ရေကျေးရွာ စာကြည့်တိုက် မြေနေရာနှင့် ပေါက်မြိုင်ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ရက်အမီ ဖွင့်လှစ်နိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေးကို မြို့နယ်ကော်မတီနှင့် ဒေသခံပြည်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၈ ရက်အထိ သေဆုံးသူ ၃၇၂၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

အလားတူ မေ ၁၅ ရက်တွင်လည်း သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသည့် ရွက်ဖျင်တဲ၊ ဆေးဝါးနှင့် စားသောက်ကုန်အမျိုးမျိုးပါ ပေ၂၀ ကုန်သေတ္တာ ၁၀ လုံး(အလေးချိန် ၄၇ဒသမ ၉ တန်) နှင့် တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစပယ်အစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် ပစ္စည်း အမျိုးမျိုးပါ ပေ ၄၀ ကုန်သေတ္တာငါးလုံး (အလေးချိန် ၂၈ ဒသမ ၈၄၁ တန်) သည် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါနိုင်ငံတကာမှ ပေးပို့လာသည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးစပါးပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး သမဝါယမအသင်းသားတောင်သူများသို့ စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးပွဲပြုလုပ်



**နေပြည်တော် မေ ၁၈**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာရှိ ဓမ္မာရုံ၌ သမဝါယမအသင်း လေးသင်းမှ အသင်းသားတောင်သူ ၃၁ ဦး၊ ဌာနဝန်ထမ်း ၁၅ ဦး၊ မြောက်လွတ်ကုန်းကျေးရွာရှိဓမ္မာရုံ၌ သမဝါယမအသင်းသုံးသင်းမှ အသင်းသားတောင်သူ ၄၀ တို့အား မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့် တက်ရောက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စားရေရိက္ခာဖူလုံစေရေးတို့အတွက် စိုက်ပျိုးသောသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် “မျိုး၊ မြေ၊ ရေ၊ နည်း” မှန်ကန်စွာဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တောင်သူအသိပညာပေးပွဲများကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ သွင်းအားစုများကိုလည်း စနစ်တကျအသုံးပြုရန် လိုအပ်ကြောင်း၊ ကြဲပက်စနစ်ထက် Seeder ၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးပါက ပို၍ကောင်းမွန်ကြောင်း၊ သမဝါယမ ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးအသင်းသား တောင်သူများ၏ လယ်ယာမြေများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ Seeder များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများက လိုအပ်ချက်များအား တင်ပြပေးကြပါရန်နှင့် ပေါင်းစပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မြို့နယ်သမဝါယမ ဦးစီးဌာနအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ပေါင်းစပ်ဆောင်ရွက် ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနကလည်း စိုက်ပျိုးနည်းပညာများကို ဆွေးနွေးပေးခြင်း၊ “AI Application” နည်းပညာ Software ကို တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြား ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမအသင်းသား တောင်သူများကလည်း ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ သိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးသည် ငကောင်းကံကျေးရွာ ငကောင်းကံစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသား ဦးကျော်လွင်၏ အောင်နိုင်တိုးစပါးမျိုး စိုက်ဧက ၁၀ ဧက နွေစပါးစိုက်ပျိုး ထားရှိမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မေ ၁၉ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် သတင်းအဆိပ်လုပ်

ကိုရေချမ်း

မေ ၁၂ ရက်ကနေ ယနေ့အထိ လူမှုကွန်ရက်မျက်နှာစာအသီးသီးမှာ မရပ်မနား နေ့စဉ် အထပ်ထပ်ထုတ်လွှင့်နေတဲ့ သတင်းတစ်ပုဒ်ကို ပြပါဆိုရင် အားလုံးသိရှိကြပြီးဖြစ်တဲ့အတိုင်း စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းရွာမှာ မေ ၁၂ ရက်က ဖြစ်ခဲ့တဲ့ သတင်းပဲဖြစ်ပါတယ်။ အဆိုပါသတင်းကို ပြည်တွင်းမှာသာမက နိုင်ငံတကာနဲ့ ကုလသမဂ္ဂစင်မြင့်ထက်ရောက်အောင် သတင်းပေါက်အောင် လုပ်နိုင်တာက ဖြစ်ပျက်ခဲ့တဲ့သတင်း မှန်သည်/မမှန်သည်ကိုမကြည့်ဘဲ အမည်းရောင် (သို့မဟုတ်) အဖျက်အမှောင့်သတင်းစာပညာအစွမ်းနဲ့ လုပ်ခဲ့တာကို သတင်းနဲ့ပတ်သက်ပြီး နားလည်သူတိုင်းသိကြပါတယ်။

**အသိပေးဖော်ပြခဲ့**

တရားမဝင်ပြည်ဖျက်မီဒီယာတွေနဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေက အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့တွေက လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်တာကြောင့် ဆရာဆရာမနှစ်ဦးအပါအဝင် ကျောင်းသားကျောင်းသူ ၅၀ ဝန်းကျင်ခန့် ထိခိုက်သေဆုံးခဲ့တယ်လို့ မဟုတ်မမှန် ရေးသားထုတ်လွှင့်ဖြန့်ဝေနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါသတင်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာနယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက **“အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေနဲ့ နယ်မြေဒေသတည်ငြိမ်အေးချမ်းလုပ်ငန်းတွေကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်တဲ့ နေရာတွေကို ဗုံးကြဲတိုက်ခိုက်မှုတွေမရှိကြောင်း”** ပြောကြားခဲ့ပြီး အဆိုပါ ပြောကြားချက်ကို ပြည်တွင်းရှိ တရားဝင်မီဒီယာတွေမှာလည်း အသိပေးဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါမှာ အကြမ်းဖက်သောင်းကျန်းသူတွေဟာ တော်လှန်ရေးခေါင်းစဉ်ပြပြီး တိုင်းပြည်တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်နေတာတွေ၊ လမ်းတံတားတွေ၊ မြို့ရွာတွေကို ဖျက်ဆီးနေကြတာတွေ၊ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို ပြန်ပေးဆွဲ၊ ဆက်ကြေးကောက်၊ အဓမ္မလူသစ်စုဆောင်းတာတွေ၊ တိုင်းပြည်ရဲ့ သယံဇာတတွေကို တရားမဝင်ခိုးထုတ်တာတွေ၊ မူးယစ်ဆေးဝါးနဲ့ အကြမ်းဖက်လုယက်တာတွေ စတဲ့ ဒုစရိုက်မှုအမျိုးမျိုးကို ပြုလုပ်နေတာတွေကို တွေ့လာရတာကြောင့် ပြည်သူတွေအနေနဲ့ လူကောင်းနဲ့လူဆိုး၊ အမှန်နဲ့အမှားကို ကွဲကွဲပြားပြားနားလည်လာကြပြီဖြစ်ပါတယ်။ ယခုဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြည်သူတွေကိုယ်တိုင် မှန်ခြင်း၊ မှားခြင်းကို အထောက်အထားတွေနဲ့တကွ ခွဲခြားဝေဖန်သုံးသပ်ပြလာတာတွေကို တွေ့မြင်နေရပါတယ်။

**အမှန်တရားရှာဖွေဖို့ ခက်ခဲ**

တစ်ဖက်မှာ နိုင်ငံတော်နဲ့ တပ်မတော်ကို ချစ်မြတ်နိုးတဲ့သူတွေ၊ တိုင်းပြည်အကျိုးစီးပွားကို ရှေးရှုပြီး သတင်းတွေကို အမှန်ကိုအမှန်အတိုင်း ပြည်သူတွေသိအောင် ရေးကြ၊ တင်ကြတဲ့ ပြည်တွင်းက တရားဝင်မီဒီယာတွေနဲ့ တိုင်းပြည်ကို ချစ်မြတ်နိုးပြီး အမှန်တရားကို တန်ဖိုးထားတဲ့ပြည်သူတွေက ချက်ချင်းတုံ့ပြန်ချေပရေးသား တင်ပြနေကြတာတွေကြောင့် အမှန်နဲ့အမှားဟာ ကွဲကွဲပြားပြားဖြစ်သွားပြီဆိုတာ သေချာပါတယ်။ ဒီအခါမှာ ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်သမားတွေ မခံမရပ်နိုင်ဖြစ်ကြပြီး အမှန်ကိုအမှား၊ အမှားကိုအမှန် အတင်းအဓမ္မလုပ်ကြပါတယ်။ တကယ်တမ်းမှာ ဖြစ်စဉ်တစ်ခုမှန်/မမှန်ဆိုတာကို ကြားခံအဖွဲ့အစည်းတစ်ခုက မြေပြင်ကို ကွင်းဆင်းသွားရောက်စစ်ဆေးပြီး ရှုထောင့်အမြင်ပေါင်းစုံမှ အချက်အလက်တွေရယူရပါတယ်။ ဒါပေမယ့် ဒီဒေသတွေဟာ အကြမ်းဖက်သမားတွေနဲ့အတူ ဒေသခံပြည်သူတွေ အတူတူရှိနေကြတဲ့ ဒေသတွေဖြစ်နေတာကြောင့် အမှန်တရားကို သွားရောက်ရှာဖွေဖို့ခက်ခဲပါတယ်။

ဒါပေမယ့် အကြမ်းဖက်အဖွဲ့နဲ့ အပေါင်းပါတွေက သတင်းတု၊ သတင်းယောင်အဖြစ် ဖန်တီးထားတာဟာ မသေသပ်ဘဲ လုံခြုံရေးတပ်ဖွဲ့တွေကို အပြစ်ပုံချဖို့ အလောတကြီးလုပ်လိုက်ပုံပါပဲ။ အပြစ်ပုံချဖို့ အထောက်အထားဟာ ကိုယ့်ရှူးကိုယ်ပြန်ပတ်နေတာကို သတိမပြုလိုက်ကြပါဘူး။ ဗုံးကြဲခံလိုက်ရတယ်ဆိုတဲ့ ကျောင်းခန်းအတွင်းမှာ စာသင်စားပွဲနဲ့ ခုံတွေမရှိတာ၊ ကျောင်းနံရံတွေ ပျက်စီးမှုမရှိတာ၊ မျက်နှာကြက်ကျောက်ပြားတွေသာ မွစာကျဲနေတာ၊ ခေါင်မိုးသွပ်ပြားတွေ အပေါ်ဘက်ကို လန်ထွက်နေတာ၊ ဗီရိုနဲ့ နံရံကပ်ပုံတွေ၊ ဘုရားပန်းအိုးတွေအနေအထား မပျက်တာ၊ အထောက်အထားအဖြစ်ပြထားတဲ့ ကျောင်းသားလေးတွေရဲ့ လွယ်အိတ်လေးတွေမှာ အစွန်းအထင်းမရှိဘဲ အိမ်ကယူလာတဲ့တိုင်းဖြစ်နေတာ စတဲ့ အချက်တွေကြောင့် အပေါ်က ဗုံးကြဲတာ မဟုတ်နိုင်ဘဲ လက်လုပ်ဗုံးတွေ ပေါက်ကွဲမှုဖြစ်တာ ပိုမိုဖြစ်နိုင်ခြေများတာကို တွေ့ရပါတယ်။

**လက်လုပ်မိုင်းပေါက်ကွဲ**

ဒေသခံပြည်သူတွေဆီက ရရှိထားတဲ့ အချက်အလက်နဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သုံးသပ်ကြည့်မယ်ဆိုရင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ဗုံးကြဲတိုက်ခိုက်တဲ့ အထောက်အထား မတွေ့ရပါဘူး။ အပေါ်မှကျရောက်တဲ့ ဗုံးပေါက်ကွဲမှုဆိုရင် အဲဒီကျောင်းအဆောက်အအုံနဲ့ ကျောင်းအသုံးအဆောင်ပစ္စည်းအားလုံးဟာ တစ်စစီကြေမွပျက်စီးသွားမှာဖြစ်ပါတယ်။ ဗုံးထိမှန်တဲ့ လူတွေဆိုရင်လည်း အလားတူပါပဲ၊ ခန္ဓာကိုယ်ကို အကောင်းပကတိပြန်ရဖို့ မလွယ်ကူပါဘူး။ တကယ်တော့ အဲဒီစာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းတွေပြုလုပ်ကြပြီး အဲဒီနေ့က အပူရှိန်လွန်ကဲတာကြောင့် လက်လုပ်မိုင်းတွေ ဆင့်ကဲပေါက်ကွဲပြီး စာသင်ကျောင်းကို ရောက်လာတဲ့ ကျောင်းသားကလေးငယ် ၂၂ ဦးနဲ့ ဆရာမနှစ်ဦးတို့ သေဆုံးခဲ့ဟန် တူပါတယ်။

အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ အဆိုပါစာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းတွေ ပြုလုပ်နေတဲ့ ရုပ်သံဖိုင်တစ်ခု လူမှုကွန်ရက်ပေါ်မှာ အစောပိုင်းကတည်းက ပေါ်ထွက်ထားပါတယ်။ အဲဒီရုပ်သံဖိုင်မှာ အဆိုပါစာသင်ကျောင်းရဲ့ စာသင်ခန်းတွေမှာ အကြမ်းဖက်သမားတွေက အိမ်သုံးပီစီပီပိုက်တွေကို ဖြတ်တောက်ပြီး လက်လုပ်ဗုံးတွေ ပြုလုပ်နေတာဟာ အသည်းယားစရာကောင်းလောက်အောင် အန္တရာယ်ကြီးလှပါတယ်။ လက်လုပ်မိုင်းတွေကို အလွယ်တကူရနိုင်တဲ့ နေ့စဉ်သုံးပစ္စည်းတွေနဲ့ ပြုလုပ်ထားတတ်ကြပါတယ်။ လက်လုပ်မိုင်းတွေဟာ အဝေးထိန်းစနစ်နဲ့ဖြစ်စေ၊ အချိန်အတိကျနဲ့ အလိုအလျောက် ပေါက်ကွဲအောင် ချိန်ကိုက်ထားလို့ဖြစ်စေ၊ ထိမိကိုင်မိလို့ဖြစ်စေ ပေါက်ကွဲနိုင်ပါတယ်ဆိုတဲ့ “မိုင်းအန္တရာယ်ကာကွယ်ပေးကြရအောင်” နှိုးဆော်တဲ့ ပြည်ဖျက်မီဒီယာတွေကပဲ အသိပေးခဲ့ကြတာဖြစ်ပါတယ်။

**၎င်းတို့အပြစ်ကိုဖုံးကွယ်**

ဒီထက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာကြည့်ရင် ပိုမိုရှင်းရှင်းလင်းလင်းသိရမှာဖြစ်ပါတယ်။ အခုဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့တွေက ဗုံးကြဲတိုက်ခိုက်ခဲ့တာ မဟုတ်သလို စာသင်ကျောင်းမှ ၎င်းတို့ ပြုလုပ်ခဲ့တဲ့ လက်လုပ်ဗုံးတွေ ပေါက်ကွဲခဲ့တာကြောင့် အပြစ်မရှိတဲ့ ကလေးငယ်တွေ သေဆုံးမှုဖြစ်ခဲ့တာကို အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်အားပေးတဲ့သူတွေနဲ့ ပြည်ဖျက်မီဒီယာတွေ ပူးပေါင်းပြီး ၎င်းတို့ရဲ့ အပြစ်တွေကို ဖုံးကွယ်ဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ကို သိက္ခာချဖို့ ဖန်တီးခဲ့တာ ထင်ရှားပါတယ်။ အဆိုပါဖြစ်စဉ်ကို နိုင်ငံတကာက ကူကြပါလို့ အော်နေတဲ့ ဇာတ်လမ်းဟာ ပိုသိသာပါတယ်။ လက်လုပ်ဗုံး ပေါက်ကွဲမှုတွေဟာ တကယ်တော့ အကြမ်းဖက်လောကမှာ မဆန်းတော့ပါဘူး။ လက်လုပ်ဗုံးပေါက်လို့ သေသွားတဲ့အကြမ်းဖက်တွေ မနည်းပါဘူး။ ဒီတစ်ခါ ကလေးတွေ အဆစ်ပါသွားတာပါ။

အကြမ်းဖက်အဖွဲ့တွေဟာ အထူးသဖြင့် အညာဒေသ ကျေးလက်တောရွာတွေက စာသင်ကျောင်းတွေမှာ အကြမ်းဖက်စခန်းတွေ ပြုလုပ်ပြီး အဖျက်အမှောင့်လုပ်ရပ်တွေ ပြုလုပ်နေတာတွေကို မကြာခဏမြင်တွေ့ကြား သိနေရပါတယ်။ ကျောင်းသားကျောင်းသူကလေးငယ်တွေ စာသင်ကြားရမယ့် ကျောင်းတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်လုပ်ငန်းတွေ လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ တကယ်လို့ စာသင်

*စာမျက်နှာ ၁၁ သို့*



စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ၌ မေ ၁၂ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားထုတ်လွှင့်ဖြန့်ဝေခဲ့သည့် စာသင်ကျောင်းအဆောက်အအုံနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ထိခိုက်ပျက်စီးပုံ။

❑ **ဒေသခံပြည်သူတွေဆီက ရရှိထားတဲ့ အချက်အလက်နဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သုံးသပ်ကြည့်မယ်ဆိုရင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ဗုံးကြဲတိုက်ခိုက်တဲ့အထောက်အထားမတွေ့ရပါဘူး။ အပေါ်မှကျရောက်တဲ့ ဗုံးပေါက်ကွဲမှုဆိုရင် အဲဒီကျောင်းအဆောက်အအုံနဲ့ ကျောင်းအသုံးအဆောင်ပစ္စည်းအားလုံးဟာ တစ်စစီကြေမွပျက်စီးသွားမှာဖြစ်ပါတယ်။ ဗုံးထိမှန်တဲ့ လူတွေဆိုရင်လည်း အလားတူပါပဲ၊ ခန္ဓာကိုယ်ကို အကောင်းပကတိပြန်ရဖို့ မလွယ်ကူပါဘူး။ တကယ်တော့ အဲဒီစာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းတွေပြုလုပ်ကြပြီး အဲဒီနေ့က အပူရှိန်လွန်ကဲတာကြောင့် လက်လုပ်မိုင်းတွေ ဆင့်ကဲပေါက်ကွဲပြီး စာသင်ကျောင်းကို ရောက်လာတဲ့ ကျောင်းသားကလေးငယ် ၂၂ ဦးနဲ့ ဆရာမနှစ်ဦးတို့ သေဆုံးခဲ့ဟန် တူပါတယ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စာမျက်နှာ ၁၀ မှ

ကျောင်းတွေမှာ ခိုအောင်းစခန်းချနေတဲ့ အကြမ်းဖက်သမားတွေကို လုံခြုံရေးတပ်ဖွဲ့တွေက ရှင်းလင်းတဲ့အခါ အပြစ်မဲ့ကလေးတွေကို လုံခြုံရေးတပ်ဖွဲ့က အကြောင်းမဲ့သက်သက် ရက်ရက်စက်စက် သတ်ဖြတ်နေပါတယ်လို့ အော်ကြမှာဖြစ်ပါတယ်။ အခု သူတို့ဖန်တီးတဲ့ လက်လုပ်ဗုံးပေါက်ကွဲတာကို လုံခြုံရေးတပ်ဖွဲ့တွေအပေါ် အထင်လွဲအောင်၊ ဇာတ်နာအောင် အကြမ်းဖက်နဲ့ အပေါင်းပါတွေက ဖန်တီးလိုက်ကြတာဖြစ်ပါတယ်။

**စာသင်ကျောင်းနဲ့ အကြမ်းဖက်**

ယခုနှစ် ဇန်နဝါရီ ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မရသိမ်ကျေးရွာမူလတန်းကျောင်းအတွင်း အဖျက်အမှောင့်လုပ်ငန်းတွေလုပ်ကိုင်ဖို့ စခန်းချနေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို လုံခြုံရေးတပ်ဖွဲ့တွေက ရှင်းလင်းခဲ့ပါတယ်။ စာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက ကျောင်းအတွင်း/အပြင်မှာ သဲအိတ်တွေကာရံတာ၊ မိုင်းထောင်ထားတာ၊ သဲအိတ်ဘန်ကာတွေ ကာရံတာ၊ လေ့ကျင့်ရေးကွင်းတွေ အခိုင်အမာ ဆောက်လုပ်တာတွေကို တွေ့ရပြီး သူတို့ထံကနေ တစ်တောင့်ထိုးသေနတ်၊ တူမီးသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်စိန်ပြောင်း ဗုံးသီးတွေ၊ လက်လုပ်သံကိုယ်ထည်ဆွဲမိုင်းတွေ၊ လေ့ကျင့်ရေးသေနတ်တွေ၊ လက်နက်တွေ ပြုလုပ်တဲ့ တွင်ခုံ၊ TNT ယမ်းတွေ၊ ဖောက်ခွဲဖျက်ဆီးရာမှာ အသုံးပြုတဲ့ သံတိုသံစတွေ၊ သံပိုက်လုံးတွေ၊ ပြောက်ကျားယူနီဖောင်းတွေ သိမ်းဆည်းရမိခဲ့ပါတယ်။

ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းတွေနဲ့ နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ပညာရေးအဆောက်အအုံတွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်နဲ့ မျိုးဆက်သစ်ကျောင်းသားကျောင်းသူ ကလေးသူငယ်၊ လူငယ်လူရွယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့




စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ၌ မေ ၁၂ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားထုတ်လွှင့်ဖြန့်ဝေခဲ့သည့် စာသင်ကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးပုံ။

**❖ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းတွေနဲ့ နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ပညာရေးအဆောက်အအုံတွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်နဲ့ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ ကလေးသူငယ်၊ လူငယ်လူရွယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာ တော်လှန်ရေးအကြောင်းပြပြီး ပေါ်ပေါက်လာခဲ့တဲ့ NUG လို အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့ အသုံးချခံ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ကျေးလက်တွေက စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် ပြုလုပ်ခဲ့တဲ့ အထောက်အထားတွေ အမြောက်အမြားရှိပါတယ်။ စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် အသုံးချသလို ပညာရေးနဲ့ပတ်သက်ပြီး အမြောက်အမြားဖျက်ဆီးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ ပညာရေးဆိုင်ရာ စာသင်ကျောင်းတွေ မီးရှို့ဖျက်ဆီးခဲ့မှု ၁၂၃ ကြိမ်၊ ပညာရေးဝန်ထမ်းတွေ ခြိမ်းခြောက်ခံရမှု ၄၄၉ ကြိမ်၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမတွေကို လုပ်ကြံသတ်ဖြတ်တာ ၇၇ ဦး ရှိပါတယ်**

အနာဂတ်ကို ဖန်တီးထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာ တော်လှန်ရေးအကြောင်းပြပြီး ပေါ်ပေါက်လာခဲ့တဲ့ NUG လို အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့ အသုံးချခံ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ကျေးလက်တွေက စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် ပြုလုပ်ခဲ့တဲ့ အထောက်အထားတွေ အမြောက်အမြားရှိပါတယ်။ စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် အသုံးချသလို ပညာရေးနဲ့ပတ်သက်ပြီး အမြောက်အမြားဖျက်ဆီးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ ပညာရေးဆိုင်ရာ စာသင်ကျောင်းတွေ မီးရှို့ဖျက်ဆီးခဲ့မှု ၁၂၃ ကြိမ်၊ ပညာရေးဝန်ထမ်းတွေ ခြိမ်းခြောက်ခံရမှု ၄၄၉ ကြိမ်၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမတွေကို လုပ်ကြံသတ်ဖြတ်တာ ၇၇ ဦး ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်တွေ ပညာရည်မြင့်မားစေဖို့အတွက် အလေးထား ဆောင်ရွက်နေတာကို ပြည်သူအားလုံး သိရှိကြပါတယ်။ အကြမ်းဖက်သမားတွေကသာ ၎င်းတို့ကို မထောက်ခံ၊ အားမပေးတဲ့ ကျေးရွာတွေကို လက်နက်ကြီးတွေ၊ ဒရုန်းဗုံးတွေ၊ ဒရုန်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာ၊ အပြစ်မဲ့ အရပ်သားပြည်သူတွေကို ပြန်ပေးဆွဲတာ၊ ဖမ်းဆီးနှိပ်စက်တာ၊ သတ်ဖြတ်တာတွေ စတဲ့ရက်ရက်စက်စက်ကျူးလွန်နေတဲ့ အနိဋ္ဌာရုံသတင်းတွေကို မကြာခဏကြားသိနေရပါတယ်။ အကြမ်းဖက်သမားတွေဟာ ကျေးရွာတွေမှာ လက်နက်အားကိုးနဲ့ ရွာသူရွာသားတွေကိုအကြောက်တရားကြီးမားလာအောင် ရက်စက်တဲ့လုပ်ရပ်တွေ လုပ်ပြပြီး စည်းရုံးထားကြပါတယ်။

ယခုဖြစ်စဉ်မှာ အကြမ်းဖက်သမားတွေဟာ ၎င်းတို့ရဲ့ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးကွယ်ဖို့၊ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတွေက နိုင်ငံရေးအမြတ်ထုတ်ဖို့နဲ့ ပြည်ဖျက်မီဒီယာတွေက သူတို့ရဲ့ အကျိုးစီးပွားစားပေါက်ထွင်ဖို့အတွက် ကျေးလက်ပြည်သူတွေကို အသုံးချပြီး အဆိပ်သင့်သတင်းတွေအဖြစ် ဖန်တီးကာ ရည်ရွယ်ချက်ရှိရှိ ဇာတ်မနာနာအောင် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ပါကြောင်း သေသေချာချာ လေ့လာကြည့်ရင် တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ။

# ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်း (တောင်ကြီး-ဟိုပုံးလမ်း) မိုင်တိုင်အမှတ် ၁၁၆/၃-၁၁၆/၄ မိုင်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှု



**တောင်ကြီး မေ ၁၈** ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း (တောင်ကြီး- ဟိုပုံးလမ်း) လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၈ ရက်က မိုင်တိုင်အမှတ် ၁၁၆/၃ - ၁၁၆/၄ မိုင်၊ သစ်တောရပ်ကွက် သစ်တောဂိတ်၌ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် BOT စနစ်ဖြင့်တာဝန်ယူဆောင်ရွက်လျက်ရှိသော နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီက လမ်းအကျယ် ၄၈ ပေ မပြည့်မီသော အပိုင်းအား ၄၈ ပေ ပြန်ချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများအရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

WORLD ENVIRONMENT DAY

UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"

"Ending Plastic Pollution Globally"


❋ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

မန်စီးတီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမား ဟန်ဒါဆင်တို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့သည်။ အဆိုပါပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းဂိုးသမား ဟန်ဒါဆင်သည် ပွဲကစားချိန် ၃၆ မိနစ်တွင် မာမွတ်ချ်၏ ပယ်နယ်တီကန်သွင်းမှုကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ပွဲချိန်တစ်လျှောက်တွင်လည်း မန်စီးတီးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းကို အက်ဖ်အေဖလား ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၂၀၁၂-၂၀၁၃ ခုနှစ်က ဝီဂန်အသင်းပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

မန်စီးတီးအသင်းမှာ အက်ဖ်အေဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် နှစ်ရာသီဆက် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းလည်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယမန်နှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲတွင်လည်း မြို့ခံပြိုင်ဘက် မန်ယူအသင်းကို ရှုံးနိမ့်ထားသည်။ နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ယခုနှစ် ရာသီတွင် ပြိုင်ပွဲစုံ ရှုံးနိမ့်မှု ၁၆ ပွဲရှိလာပြီဖြစ်သည်။ ယင်းမှာ ၂၀၀၈-၂၀၀၉ ခုနှစ်က ၂၃ ပွဲ ရှုံးနိမ့်မှုပြီးနောက် တစ်ရာသီအတွင်း အများဆုံးရှုံးနိမ့်မှုဖြစ်ကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် နာမည်ကြီး မန်စီးတီးအသင်းကို အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သည့်အတွက် လာမည့်နှစ်တွင် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

လေးပွဲမြောက်တွင် ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့ပြီး Falcon (ခ) မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းမှာမူ လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၄၇ မိနစ်တွင် ကောင်းမြတ်အောင်က သွင်းယူခဲ့သည်။ ဗဟန်း မြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်သရေကျခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်နှင့် ဒဂုံစတားအသင်းကို ဖိအားပေးရန် ကြိုးစားရင်းမှ အမှတ်ဆုံးရှုံးခဲ့ရသည်။ ၂၅ မိနစ်တွင် စောထူးဝေယံအောင်က ရာမညယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ၆၁ မိနစ်တွင် ခွန်မြင့်ဆွေက သွင်းယူခဲ့သည်။

ပွဲစဉ် (၄) ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဗဟန်း မြက်ခင်းတုကွင်း၌ Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ တောင်ဒဂုံကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိ

**နေပြည်တော် မေ ၁၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၂၅ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါ လေးလတာကာလအတွင်း ၇၅၅ ကျပ် ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံမြို့၌ ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူ

**ကျိုင်းတုံ မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ လှုံ့ဆော်မြေစိုက်ပိုစတာစိုက်ထူပွဲကို ယမန်နေ့က ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ) မြို့နယ်ပညာရေးမှူးရုံးနှင့် အထက(၄)ကျောင်းရှေ့တို့၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးစိုင်းဆမ်တစ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူ၊ ပြည်နယ်/ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ဆရာ ဆရာမများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် လှုံ့ဆော်မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အင်္ဂပူမြို့၌ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲပြုလုပ်

**အင်္ဂပူ မေ ၁၈**

အင်္ဂပူမြို့နယ် အ-ထက(အင်္ဂပူ) ငုရွှေဝါခန်းမ၌ ယနေ့နံနက်က အခြေခံပညာ အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲပြုလုပ်သည်။(အောက်ပုံ)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်က ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဘာသာရပ်ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး စုစုပေါင်း ဆရာ ဆရာမ ၁၃၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၅ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၀၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၉၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၀၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၀၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နေပြည်တော်နှင့် မန္တလေးမြို့များအတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊



ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ မေ ၁၈ ရက်တွင် ၄၈ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မေ ၁၈ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနော်သုခ Export Quality) ၄၅ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၇ အိတ်၊ ဆီ ပိဿာ ၁၃၂၀၊ ဆား ၇ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၅ ထုပ်၊ ငါးပိ ၁ ပိဿာ ၄၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ အထုပ် ၂၀၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ အာပဲ့ခြောက် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ကြက်ဥ အလုံး ၄၂၀၊ ဘဲဥ အလုံး ၅၀၊ ခေါက်ဆွဲခြောက် ကိုးထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် ၂၀၂၅ ခုနှစ် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်



## ၂၆၇ ပါးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် လီယို - ၁၄ စတင်ထမ်းဆောင်

**ရောမ မေ ၁၈**

ရိုမန်ကက်သလစ်ဘုရားကျောင်း၏ ပုပ်ရဟန်းမင်းကြီးအဖြစ် လီယို – ၁၄ သည် မေ ၁၇ ရက်တွင် တရားဝင် စတင်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မေ ၈ ရက်တွင် အမေရိကန်ပြည်ထောင်စု၏ ကာဒီနယ် ရောဘတ်ဖရန်စစ် ပရက်ဗို့စ်သည် ရိုမန်ကက်သလစ်အသင်းတော်၏ ၂၆၇ ပါးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးသည် လီယို – ၁၄ ဟူသည့် ဘွဲ့အမည်ကို ခံယူခဲ့သည်။

ယခင်ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်ခဲ့သည်။ **ဆင်ဟွာ**

## ကယ်လီဖိုးနီးယားတောင်ပိုင်း သားဖွားမီးယပ်ဆေးခန်း၌ ပေါက်ကွဲမှုဖြစ်ပွား

**ကယ်လီဖိုးနီးယား မေ ၁၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပမ်းစပရင်းရှိ မျိုးဆက်ပွားကျန်းမာရေးဌာန အပြင်ဘက်တွင် မေ ၁၇ ရက်က ကြီးမားသည့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။ သံသယရှိသူတစ်ဦးသည် ကားအတွင်းမှ ဖောက်ခွဲရေးပစ္စည်းများ ပစ်ချခဲ့သည်ဟု အာဏာပိုင်များက သံသယရှိသည်။

မေ ၁၇ ရက်နံနက် ၁၁ နာရီ မတိုင်မီ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ပမ်းစပရင်းမြို့ အစိုးရအဖွဲ့က ပြောသည်။ လူမှုကွန်ရက်မီဒီယာတွင် တင်ထားသည့် ပုံများအရ မီးခိုးများထွက်လာပြီး ဆေးခန်း၏ ပြတင်းပေါက်တံခါးများ ကျိုးပျက်ကုန်သည်ကို တွေ့မြင်ရသည်။ အနီးအနားရှိ စတိုးဆိုင်တွင်လည်းအလားတူ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် ငါးဦး ဒဏ်ရာရရှိပြီး သံသယရှိသူ တစ်ဦး သေဆုံးခဲ့သည်ဟု ယူဆကြောင်း စုံစမ်းစစ်ဆေးရေး သတင်းအရင်းအမြစ်များကို ကိုးကားကာ အမေရိကန် ရုပ်မြင်သံကြား ကွန်ရက်တစ်ခုတွင် ဖော်ပြထားသည်။ အမေရိကန် မျိုးဆက်ပွားစင်တာ အဆောက်အအုံအနီး ကားရပ်နားရာနေရာ၌ ကားဗုံးပေါက်ကွဲခဲ့ကြောင်း အဆိုပါဆေးခန်း၏ အကြီးအကဲက လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြထားသည်။



ဒေသဆိုင်ရာအာဏာပိုင်များ၊ အက်ဖ်ဘီအိုင်နှင့် အခြားသောတရားဥပဒေစိုးမိုးရေး အေဂျင်စီများမှ စုံစမ်းစစ်ဆေးသူများသည် အဆိုပါဖြစ်ရပ်ကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုတစ်ခုအဖြစ် စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဖင်လန်နိုင်ငံ၌ အရပ်ဘက် ရဟတ်ယာဉ်နှစ်စင်း တိုက်မိမှုဖြစ်ပွား

**တာလင် မေ ၁၈**

ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်း ဟူရာလေဆိပ်အနီးတွင် တာလင်မှ ထွက်ခွာလာသော အရပ်ဘက် ရဟတ်ယာဉ်နှစ်စင်း မေ ၁၇ ရက်က တိုက်မိမှုဖြစ်ပွားခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါ ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရဟတ်ယာဉ်နှစ်စင်း ဝေဟင်တွင် တိုက်မိမှုဖြစ်ပွားခဲ့ပြီး မြေပြင်သို့ ပျက်ကျလာသည်ဟူသော ဟူရာလေဆိပ်အနီး လမ်းတစ်ခုမှ သတင်းပေးပို့ချက်ကို ဆာတာခွန်းတာ ကယ်ဆယ်ရေးဌာနက လက်ခံရရှိခဲ့ကြောင်း အက်စ်တိုးနီးယားအစိုးရပိုင် ရုပ်သံဌာန (ERR) နှင့် လင်လန်နိုင်ငံ အစိုးရပိုင် ရုပ်သံဌာန (Yle) တို့၏ ဖော်ပြချက်အရ သိရသည်။

ရဟတ်ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် လူလေးဦးဆံ့ Robinson R44 Raven အပေါ့စား ရဟတ်ယာဉ်နှစ်စင်းပေါ်တွင် လူငါးဦး လိုက်ပါလာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ လီဗိုတိုဘီမီးတောင် ပေါက်ကွဲ၊ အမြင့်ဆုံးလေကြောင်းသတိပေးချက် ထုတ်ပြန်

**ဂျကာတာ မေ ၁၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ လီဗိုတိုဘီမီးတောင်သည် မေ ၁၈ ရက်တွင် အကြိမ်များစွာ ဆက်တိုက်ပေါက်ကွဲခဲ့သဖြင့် မီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ် လျော့ပါးရေးဌာနက အမြင့်ဆုံးလေကြောင်းဆိုင်ရာ သတိပေးချက်ကို ထုတ်ပြန်လိုက်သည်။

အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ၂ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး မီးခိုးပြာမှုန့်များ ကောင်းကင်သို့ မီတာ ၆၀၀၀ အထိ ပျံ့လွင့်ခဲ့သည်။ အဆိုပါ မီးခိုးတိမ်တိုက်များသည် မီးတောင်ဝမှ မြောက်ဘက်၊ အရှေ့မြောက်ဘက်၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက် အထိ ပျံ့နှံ့သွားသည်။

အာဏာပိုင်များက မီးတောင်စောင့်ကြည့်လေ့လာရေးသတိပေးချက်ကို အမြင့်ဆုံး အနီရောင်အဆင့်သို့ တိုးမြှင့်ထားပြီး မီးတောင်အနီး မီတာ ၆၀၀၀ အောက်ပျံသန်းခြင်းကို ရှောင်ရှားရန် လေကြောင်းလိုင်းများအား သတိပေးထားသည်။

အင်ဒိုနီးရှားအစိုးရက အနီးတစ်ဝိုက်ရှိ ရပ်ရွာများကို ကာကွယ်ရန်အတွက် မီးတောင်ဝအနီး ၆ ကီလိုမီတာ (၃ ဒသမ ၇ မိုင်) အတွင်း အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး ခရီးသွားများ နှင့် ဧည့်သည်များ ဝင်ရောက်ခြင်းကို တားမြစ်ထားသည်။

မီးတောင်ခြေရှိနေထိုင်သူများကို မိုးသည်းထန်ပါက ဖြစ်ပေါ်နိုင်သော မီးတောင်ရွှံ့စေးလျှိုင်းများ အန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသည်။ ထို့အတူ မီးခိုးမြူကျရောက်နိုင်သည့် ဒေသများတွင် နေထိုင်သူများအား အသက်ရှူလမ်းကြောင်းဆိုင်ရာ အန္တရာယ်ကာကွယ်ရန် နှာခေါင်းစည်းများ တပ်ဆင်ရန် အကြံပြုထားသည်။

အမြင့် ၁၅၈၄ မီတာ (၅၁၉၇ ပေ) ရှိ လီဗိုတိုဘီမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံရှိ အသက်ဝင်မီးတောင် ၁၂၇ လုံးအနက်မှ တစ်ခု အပါအဝင် ဖြစ်သည်။

အလားတူ အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါ ပြည်နယ်တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားပြီးနောက် လူတစ်ဦးသေဆုံးကာ ၁၉ ဦးထက်မနည်း ပျောက်ဆုံးနေပြီး လေးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ကယ်ဆယ်ရေးသမားတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားသည်။

**ဆင်ဟွာ**



## နစ်ဆန်းကုမ္ပဏီက ဂျပန်နိုင်ငံရှိရုံးဝန်ထမ်းများ ဆောလျင်စွာ အငြိမ်းစားယူရေး ကမ်းလှမ်း

**တိုကျို မေ ၁၈**

နစ်ဆန်းကားကုမ္ပဏီသည် ဂျပန်နိုင်ငံရှိရုံးဝန်ထမ်းများ ဆောလျင်စွာ အငြိမ်းစားယူရေး ကမ်းလှမ်းလျက်ရှိသည်ဟု သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။ ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် ၎င်း၏တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အားကို ၂၀၀၀၀ လျှော့ချရန် စီစဉ်ထားရာ ယင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ရုန်းကန်နေရသည့် ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းကို ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်ချမှတ်ထားသည်။ ၂၀၂၇ ဘဏ္ဍာနှစ်တွင် လုပ်သားအင်အား လျှော့ချခြင်းနှင့်အတူ နစ်ဆန်းကုမ္ပဏီသည် တစ်ကမ္ဘာလုံးရှိစက်ရုံခုနစ်ရုံကို ပိတ်ပစ်ရန်စီစဉ်ထားသည်။ စီမံခန့်ခွဲရေးဌာနများသည် အလုပ်အကိုင်ပေါင်း ၃၆၀၀ ကို ဖြတ်တောက်ရန် လုပ်ဆောင်နေသည်။

ဇူလိုင်လမှစတင်ကာ ဂျပန်နိုင်ငံရှိရုံးလုပ်ငန်းမှ လုပ်သားများ ဆောလျင်စွာအငြိမ်းစားယူရေး အဆိုပါကုမ္ပဏီက စတင်လုပ်ဆောင်လျက်ရှိသည်ဟု သတင်းအရင်းအမြစ်များက ဖော်ပြသည်။ အသက် ၄၅ နှစ်မှ ၆၅ နှစ်အတွင်းရှိ ဝန်ထမ်းများကို ဆောလျင်စွာ အငြိမ်းစားယူရေး ကမ်းလှမ်းမည်ဖြစ်ပြီး ကုမ္ပဏီသည် အငြိမ်းစားယူသူများအတွက် အပိုငွေကြေးပေးရန် အဆင်သင့်ဖြစ်နေသည်။ အလုပ်ပြန်လည်လုပ်ကိုင်ရန်အတွက်လည်း ပံ့ပိုးပေးမည်ဟု သတင်းအရင်းအမြစ်များက ဖော်ပြသည်။ တိုကျိုမြို့တောင်ဘက် ကာနာဂါဝါရှိ နစ်ဆန်းကုမ္ပဏီ၏ စက်ရုံနှစ်ရုံသည် ထုတ်လုပ်မှုပိတ်သိမ်းမည့်စက်ရုံစာရင်းတွင် ပါဝင်နေကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**



## ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်မြင့်တက်

**တိုကျို မေ ၁၈**

ဂျပန်နိုင်ငံ ဒေသအများအပြားတွင် မေ ၁၈ ရက်က အပူချိန်မြင့်တက်ခဲ့ကြောင်း အင်န်ချ်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အပူလျှပ်ခြင်းကို ရှောင်ရှားနိုင်ရန်အတွက် ဆားပါဝင်သည့် အရည်နှင့် ရေကို မကြာခဏ သောက်သုံးခြင်း စသည့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ကြရန် တာဝန်ရှိသူများက ပြင်ပသွားလာသူများ လုပ်ဆောင်ရန် အစီအစဉ်ရှိသူများအား တိုက်တွန်းထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီက နေ့အပူချိန်များမှာ ယာမာနာချီခရိုင် ကူဖူမြို့၊ စိုင်းတာမခရိုင် စိုင်းတာမမြို့နှင့် ဂွန်းမခရိုင် မဲ့ဘာချီမြို့တို့တွင် ၃၀ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့ကြောင်း ပြောသည်။

ထို့ပြင် လေထုအခြေအနေမှာ အထူးသဖြင့် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကန်တိုဒေသတွင် မငြိမ်မသက်ဖြစ်နေပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်လာနိုင်ခြေနှင့်အတူ ရာသီဥတုရုတ်တရက် ပြောင်းလဲသွားနိုင်ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



























## ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

## ပညာရေးဝန်ကြီးဌာန

### ၂၀၂၅-၂၀၂၆ ပညာသင်နှစ်

### "အသိပေးကြေညာချက်"

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

### "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်း ပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန

### "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။



## ပညာရေးဝန်ကြီးဌာန
## “၂၀၂၅-၂၀၂၆ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး
## အစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ (၄)ချောင်း၊ ၆။ ကျောင်းဝတ်စုံ(၁)စုံ

( ခ ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

( ဂ ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

( င ) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

( စ ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

( ဇ ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

( ဈ ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

( ဋ ) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

( ဌ ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

( ဍ ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါကလျှင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည် သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

**ဓာတ်ဆားရည် ဖျော်နည်း**

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ဓာတ်ဆားထုပ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။
→ ဓာတ်ဆားထုပ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက် ထဲသို့ ထည့်၍ဖျော်ပါ။
→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။
→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?**

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါနည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

**အိမ်တွင်း ဓာတ်ဆားရည် ဖျော်နည်း**

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ကျိုချက်ထား သောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်
⇒ သကြား (၈)ဇွန်း
⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (၂၀၂၅ ခုနှစ်၊ မေလ)

## ဖြူးမြို့နယ် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် ပြုလုပ်



ဖြူး မေ ၁၈

တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် (CTME) အအေးမိနှာစေးရောဂါကို ဆေးနံ့သာတုပ်ကွေးအဖျားပျောက်ဆေးဖြင့် ကုသခြင်းအား လေ့လာခြင်းစာတမ်း ဖတ်ပွဲကို မေ ၁၈ ရက်က တောင်ငူခရိုင် ဖြူးမြို့နယ် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ ပြုလုပ်သည်။ **(ယာပုံ)**

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဖြူးမြို့နယ်(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဒေါ်စိုးလက်မိက ဆောင်ရွက်ပြီး အအေးမိနှာစေးရောဂါကို ဆေးနံ့သာတုပ်ကွေးအဖျားပျောက်ဆေးဖြင့် ကုသခြင်းအား လေ့လာခြင်းစာတမ်းကို ဖြူးမြို့နယ် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ဇင်မင်းထွန်းက ဖတ်ကြားသည်။

ထို့နောက် တက်ရောက်ကြသည့် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်အတွင်းရှိ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများ၊ ဖြူးမြို့နယ် တိုင်းရင်းဆေးဆရာများအသင်းမှ ဆရာ ဆရာမများက အအေးမိနှာစေးရောဂါနှင့် ပတ်သက်ပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

# ဓာတ်အားဖြန့်ဖြူးထားမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန်  မေ  ၁၈**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှတာဝန်ရှိသူများ၊ မြောက်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ၊ လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့က ရွှေပြည်သာမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများ၊ လှည်းကူးမြို့နယ်( ၁/၀)မိုင်ရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံအသစ်နှင့် ထောက်ကြန့်မြို့ရှိ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံများသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေပြည်သာမြို့နယ်အတွင်း အသစ် တည်ဆောက်လျက်ရှိသည့် (၆၆/၁၁)ကေဗွီ ၃၀ အမ်ဗွီအေ စက်မှုဇုန် (၁)ဓာတ်အားခွဲရုံနှင့် ရွှေပြည်သာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

ဆက်လက်၍ (၂၀ +၂၀) အမ်ဗွီအေ သာခုကန်စက်မှုဇုန်ဓာတ်အားခွဲရုံနှင့် ၂၀ အမ်ဗွီအေ(ထ-၁၆) ဓာတ်အားခွဲရုံများရှိ ၁၁ ကေဗွီဖီဒါများမှ ဓာတ်အားပေးထားမှု အခြေအနေများနှင့် ဓာတ်အားခွဲရုံ အဆောက်အအုံကြံ့ခိုင်ရေး၊ ၂၃၀ ကေဗွီ ဝါးတစ်ရာပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀) မိုင်တွင် EV Charging Station များ ဓာတ်အားပေးရန် တည်ဆောက်လျက်ရှိသော ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံ အသစ်တည်ဆောက်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထောက်ကြန့်မြို့ရှိ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လက်ရှိ ၂၃၀/၆၆ ကေဗွီ ၁၂၅ အမ်ဗွီအေ ထရန်စဖော်မာမှ ၆၆ ကေဗွီ ဖီဒါသုံးခုဖြင့် ဓာတ်အားပေးထားမှုအခြေအနေများ၊ အသစ်တည်ဆောက်လျက်ရှိသည့်(၂၃၀/၆၆) ကေဗွီ ၁၅၀ အမ်ဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်

# မအူပင်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

**မအူပင်  မေ  ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး မအူပင်မြို့၏ လူစည်ကားရာနေရာဖြစ်သည့် မြို့ရှောင်လမ်းနှင့် ရေလဲလမ်းထိပ် ဗိုလ်ချုပ်ကြေးရုပ်အနီး၌ ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်ကို ယနေ့နံနက် ၇ နာရီက စိုက်ထူခဲ့ကြရာ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်နှင့် ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)



# ရမည်းသင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ရမည်းသင်း  မေ  ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၁၆ ရက်က ကမ္ဘကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကမ္ဘကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ကမ္ဘကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်ကိုးဦးကို ရွေးချယ်ပေးခဲ့ကြသည်။



ကမ္ဘကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ရမည်းသင်းခရိုင်/မြို့နယ် ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ဒလမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ရန်ကုန်  မေ  ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၁၆ ရက်က ဂုတ်ကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ချောင်းဦးကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၂

# လွိုင်လင်မြို့နယ်၌ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ပေးအပ်

**လွိုင်လင်  မေ  ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်၍ ရေကြီးနစ်မြုပ်သည့် ငါးမွေးတောင်သူများထံသို့ ငါးသားပေါက်များ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၌ ပြုလုပ်သည်။

ဦးစွာ လွိုင်လင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က ငါးသားပေါက်များ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လွိုင်လင်မြို့နယ်အတွင်းမှ ပါဟုတ်ကျေးရွာ၊ ပင်လုံမြို့ ဝမ်မိုင်ရွာ၊ နောင်မိန်းရွာ၊ ပန်မုန့်ရွာနှင့် ရပ်ကွက်(၄)မှ ငါးမွေးတောင်သူများအား ငါးသားပေါက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ လွိုင်လင်မြို့နယ်အတွင်း ငါးမွေးတောင်သူကိုးဦး၏ ၁၉ ဒသမ ၅၈ ဧကအတွက် ရွှေဝါငါးကြင်း ၁၉၅၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး




## PDF Game

## ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နွေရာသီ တိရစ္ဆာန်များ အာဟာရလုံလောက်စွာ စားသုံးနိုင်ဖို့ ချဉ်ဖတ်လုပ်ပြီး ကျွေးကြစို့

ဒီဒီ(ဖန်းမ်)

**မြန်မာနိုင်ငံသည် ရာသီဥတု၊ မြေနေရာ၊ တည်နေရာအနေအထားအရ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကာ စိုက်ပျိုးမွေးမြူရေးကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။ နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေသော်လည်း လယ်ယာလုပ်ငန်းများတွင် ကျွဲ၊ နွားများကိုသာ အားထားအသုံးပြုနေကြဆဲဖြစ်သည်။**

မိမိတို့နိုင်ငံတွင် ကျွဲ၊ နွားများ၏ အဓိကအခြေခံအစားအစာမှာ ကောက်ရိုးဖြစ်သည်။ ကောက်ရိုးတွင် ပါဝင်သော အာဟာရဓာတ်မှာ တိရစ္ဆာန်များအတွက် လွန်စွာနည်းပါးပါသည်။ ထို့ကြောင့် လိုအပ်သော အာဟာရဓာတ်များ ရရှိစေရန် ကောက်ရိုးနှင့်အတူ အစာနုများနှင့် မြက်၊ ပြောင်း၊ စားကျက်ပဲပင်များကို ဖြည့်စွက်ကျွေးမွေးကြသည်။ အစာနုများကို ဖြည့်စွက်စာအဖြစ်ထည့်၍အသုံးပြုလျှင် အစာကုန်ကျစရိတ် ကြီးမားစေပါသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်အစာကုန်ကျစရိတ်ဖြစ်သောကြောင့် အစာဈေးမြင့်တက်လာမှုသည် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် အခက်အခဲတစ်ခုဖြစ်လာပါသည်။



ပလတ်စတစ်အိတ်ဖြင့် ချဉ်ဖတ်သိပ်ခြင်း



ပုံးဖြင့် ချဉ်ဖတ်သိပ်ခြင်း



ချဉ်ဖတ်ပြုလုပ်ရန်စဉ်းထားသော မြက်များ



ကျွေးမွေးရန်အသင့်ဖြစ်နေသော ချဉ်ဖတ်

အစာ၏ ကုန်ကျစရိတ်နည်းစေရန်နှင့် မွေးမြူထုတ်လုပ်မှု ကောင်းစေရန် မြက်စိုက်ခင်းများ စိုက်ပျိုးပြီး မွေးမြူကြရန် လိုအပ်လာပါသည်။ မြက်ခင်းများ စိုက်ပျိုးထားပါက အစာကုန်ကျစရိတ်ကို လျှော့ချနိုင်မည့်အပြင် အဆိုပါမြက်ခင်းများမှ ရရှိသော အစာစိမ်းများကို မြက်ချဉ်ဖတ်ပြုလုပ်ထားခြင်းဖြင့် မြက်၏မူလအာဟာရတန်ဖိုး ဆုံးရှုံးမှုမရှိစေဘဲ အစာရေစာရှားပါးချိန်တွင် ပြန်လည်၍ ကျွေးမွေးနိုင်ပါသည်။ ထို့အပြင် မြက်စိုက်ပျိုးရန် မလွယ်ကူသည့် အရပ်ဒေသများတွင် အခြားသော တိရစ္ဆာန် အစာပင်များဖြစ်သည့် ပြောင်း၊ နံ့စားပြောင်း၊ ဂျုံ၊ ပဲမျိုးနွယ်အပင်များအပြင် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် ဂေါ်ဖီဖတ်နှင့် သရက်သီးအခွံတို့ကိုလည်း ချဉ်ဖတ်ပြုလုပ်၍ ကျွေးမွေးနိုင်ပါသည်။

**တိရစ္ဆာန်အစာ ချဉ်ဖတ်(Silage)နှင့် ချဉ်ဖတ်ပြုလုပ်ပုံ**

ချဉ်ဖတ်ဆိုသည်မှာ တိရစ္ဆာန်အစာပင်(မြက်၊ ပြောင်း စသည်)ကို နုပ်နုပ်စဉ်းပြီး ချဉ်ဖတ်ထည့်ကျင်း၊ ပလတ်စတစ်အိတ်အကြီး သို့မဟုတ် ပလတ်စတစ်ပုံးများထဲသို့ လေမကျန်အောင်ဖိသိပ်ပြီး အချဉ်ဖောက်၍ သိမ်းဆည်းထားခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် တိရစ္ဆာန်အစာ၏ အရည်အသွေးနှင့် အရသာကို အချိန်အတော်အတန်ကြာသည်အထိ ထိန်းသိမ်းထားနိုင်ပါသည်။

**အကျိုးကျေးဇူးများ**

(၁) တိရစ္ဆာန်အစာပင်တွင်ပါဝင်သော အာဟာရဓာတ်နှင့် အစိုဓာတ်ကို ထိန်းသိမ်းထားနိုင်ခြင်း၊
(၂) နှစ်အတော်အတန်ကြာ ထိန်းသိမ်းထားနိုင်ခြင်း၊
(၃) မည်သည့်နေရာ၊ မည်သည့်ရာသီမဆို လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊
(၄) ကုန်ကျစရိတ်သက်သာခြင်း၊
(၅) တညီတညာတည်း အကောင်းအဆိုး သမမျှတစွာ စားနိုင်သဖြင့် ရွေးချယ်စားခြင်း မရှိတော့ဘဲ အစာလေလွင့်မှုနည်းပါးခြင်း၊
(၆) တိရစ္ဆာန်များအတွက် ကောက်ရိုး၊ မြက်ခြောက်များကျွေးမွေးခြင်းထက် အနံ့အရသာအရည်အသွေး ပိုမိုကောင်းမွန်သွားခြင်း၊
(၇) အပင်၏အစိတ်အပိုင်းတိုင်းကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်း။

**ချဉ်ဖတ်ထည့်ရန် နေရာအမျိုးမျိုး**

(၁) တစ်ဖက်ပွင့်ချဉ်ဖတ်ကန် (Bunker or Clamp Silo)
(၂) ချဉ်ဖတ်ကျင်း (Pit Silo)
(၃) မြေပြင်ပုံသောစနစ် (Heap Silo)
(၄) မြေအောက်ချဉ်ဖတ်ကျင်း (Trench Silo)

အထက်ပါ ချဉ်ဖတ်ထည့်သည့်နေရာများသည် စီးပွားဖြစ် မွေးမြူရေးခြံများနှင့် သင့်လျော်ပြီး တစ်နိုင်တစ်ပိုင်မွေးမြူမည်ဆိုပါက ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ပုံးများနှင့် အုတ်ကန်များထဲတွင်လည်း အလွယ်တကူချဉ်ဖတ်သိပ်၍ သိမ်းဆည်းထားနိုင်ပါသည်။ ပလတ်စတစ်အိတ် အသုံးပြုသူများသည် လေခိုအောင်းနေလျှင် မှိုပေါက်ပွားနိုင်သဖြင့် အိတ်မပေါက်အောင် အထူးသတိထားရန် လိုအပ်သည်။

**ချဉ်ဖတ်ပြုလုပ်ပုံအဆင့်ဆင့်**

(၁) ချဉ်ဖတ်ပြုလုပ်ရန် အကောင်းဆုံးရိတ်သိမ်းချိန်မှာ တိရစ္ဆာန်အစာပင် အပွင့်ပွင့်ချိန် (စိုက်ပျိုးပြီး တစ်လခွဲ-နှစ်လ) ဖြစ်သည်။
(၂) ချဉ်ဖတ်ပြုလုပ်ရာတွင် အစိုဓာတ် ၆၅-၇၀% ရှိရမည်ဖြစ်၍ ရိတ်ခြင်း၊ စဉ်းခြင်း၊ ချဉ်ဖတ်သိပ်ခြင်းတို့ကို တစ်ရက်အတွင်း ပြုလုပ်ရမည်။ ချဉ်ဖတ်ပြုလုပ်မည့် စဉ်းထားသောမြက်များကို ချဉ်ဖတ်ထည့်ရန်နေရာသို့ သယ်ယူရန်လွယ်ကူမည့် နေရာမျိုးဖြစ်စေရမည်။
(၃) တိရစ္ဆာန်များကျွေးမွေးမည့်နေရာနှင့် ချဉ်ဖတ်ထည့်သည့်နေရာ နီးကပ်မှုရှိရမည်။
(၄) ရိတ်ထားသော တိရစ္ဆာန်အစာပင်များကို တစ်လက်မ/တစ်လက်မခွဲခန့် စဉ်းရမည်။
(၅) ချဉ်ဖတ်ကန်ထဲသို့ စဉ်းထားသော တိရစ္ဆာန်အစာပင်များကို လေခိုလှုံမှု လျော့နည်းစေရန် တစ်လွှာချင်းနင်း၍ ဖိသိပ်ပေးရမည်။ လေခိုလှုံမှုနည်းလေ ချဉ်ဖတ်၏ အရည်အသွေးကောင်းလေဖြစ်သည်။
(၆) ပလတ်စတစ်အိတ်နှင့် သိုလှောင်ပါက ကြွက်၊ အင်းဆက်ပိုးမွှားများ မဖောက်စေရန် အထူးဂရုစိုက်ရမည်။
(၇) ချဉ်ဖတ်သိပ်ပြီး ၂၁ ရက်အကြာတွင် စတင်၍ ကျွေးနိုင်ပါသည်။ ချဉ်ဖတ်သည် အရောင်အဆင်းအားဖြင့် စိမ်းဝါရောင်၊ ကျွဲနွားများအား စားချင်ဖွယ် ဆွဲငင်နိုင်သော အရည်အသွေးရှိရပါမည်။

❖ ချဉ်ဖတ်ပြုလုပ်ရာတွင် အရေးကြီးသောအချက်မှာ ချဉ်ဖတ်ထည့်သိပ်စဉ် လေပါဝင်မှုကင်းရှင်းအောင် လျင်မြန်စွာဖိသိပ်ခြင်းပင်ဖြစ်သည်။ ပုံမှန်အချဉ်ဖောက်ခြင်းဖြစ်စဉ်တွင် အပူချိန် ၈၀° မှ ၉၀° ဖာရင်ဟိုက်အထိ မြင့်တက်လာပြီး လက်တစ်အက်စစ် ဗက်တီးရီးယားပိုးများ ပွားများသည်။ ယင်းပိုးများသည် အပင်၏ သကြားဓာတ်နှင့် ကစီဓာတ်တို့အား လက်တစ်အက်စစ်အဖြစ်သို့ ပြောင်းပေးပါသည်။ ထိုအခါ အက်စစ်ပြင်းအား (pH)သည် ၄ ဒသမ ၂ အထိ ကျဆင်းသွားသည်။ အက်စစ်ပြင်းအား ၄ ဒသမ ၂ သည် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို မှန်ကန်စေပြီး ချဉ်ဖတ်အား ကြာရှည်စွာ သိမ်းဆည်းနိုင်

**အချဉ်ဖောက်ခြင်းသဘောတရား**

ချဉ်ဖတ်ပြုလုပ်ရာတွင် အရေးကြီးသောအချက်မှာ ချဉ်ဖတ်ထည့်သိပ်စဉ် လေပါဝင်မှုကင်းရှင်းအောင် လျင်မြန်စွာဖိသိပ်ခြင်းပင်ဖြစ်သည်။ ပုံမှန်အချဉ်ဖောက်ခြင်းဖြစ်စဉ်တွင် အပူချိန် ၈၀° မှ ၉၀° ဖာရင်ဟိုက်အထိ မြင့်တက်လာပြီး လက်တစ်အက်စစ် ဗက်တီးရီးယားပိုးများ ပွားများသည်။ ယင်းပိုးများသည် အပင်၏ သကြားဓာတ်နှင့် ကစီဓာတ်တို့အား လက်တစ်အက်စစ်အဖြစ်သို့ ပြောင်းပေးပါသည်။ ထိုအခါ အက်စစ်ပြင်းအား (pH)သည် ၄ ဒသမ ၂ အထိ ကျဆင်းသွားသည်။ အက်စစ်ပြင်းအား ၄ ဒသမ ၂ သည် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို မှန်ကန်စေပြီး ချဉ်ဖတ်အား ကြာရှည်စွာ သိမ်းဆည်းနိုင်စေသည်။ အက်စစ်ပြင်းအားသည် ၄ ဒသမ ၂ အောက်သို့ မကျပါက လက်တစ်အက်စစ်အစား ဗျူးထရစ်အက်စစ်ဖြစ်ပေါ်လာပြီး ချဉ်ဖတ်အရည်အသွေး ကျဆင်းကာ ကျွဲနွားများ ကြိုက်နှစ်သက်ခြင်း မရှိပေ။

ချဉ်ဖတ်အတွင်း လေပါဝင်ပါက အပင်တွင်ပါဝင်သော သကြားဓာတ်နှင့် အောက်ဆီဂျင်တို့ ဓာတ်ပြုပြီး ချဉ်ဖတ်အပူချိန်မြင့်တက်လာမည်ဖြစ်သည်။ အပူချိန်မြင့်တက်မှုဖြစ်စဉ် ဆက်လက်ဖြစ်ပွားနေပါကလည်း ချဉ်ဖတ်၏အာဟာရတန်ဖိုး ကျဆင်းသည်။

ချဉ်ဖတ်အတွင်းလေခိုအောင်းနိုင်မှု ရှိ/မရှိသည် ချဉ်ဖတ်ပြုလုပ်သည့် အပင်၏ အစိုဓာတ်ပေါ်တွင် မူတည်သည်။ အပင်၏အစိုဓာတ်လျော့နည်းပါက ဖိသိပ်ရာတွင် လေခိုနိုင်ပြီး အချဉ်ပေါက်သည့်ဖြစ်စဉ် နှေးကွေးကာ မှိုနှင့် အခြားသော ဗက်တီးရီးယားများ ပေါက်ပွားလာနိုင်ပါသည်။ အပင်၏အစိုဓာတ်သည် ၇၀ ရာခိုင်နှုန်းအထက်များပါက အရည်များထွက်ခြင်းနှင့် လုံလောက်သောအက်စစ်ပြင်းအားသို့ မရောက်ရှိခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

*စာမျက်နှာ ၂၁ သို့*

# သုံးကြိမ်မြောက် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် မေ ၁၈**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG)တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ သုံးချီပြိုင်ပွဲတွဲဆိုင်း ၁၂ ဆိုင်းဖြင့် ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မြင့်မြတ်မောင် (ပဲခူးကလပ်) နှင့် ရှိုင်းထက်အောင် (ကျားဘုရင်)တို့ နှစ်ဦးစလုံး လက်ရည်တူကြကာ ပူးတွဲသရေကျခဲ့သည်။ သီဟ(တော်ဝင်ရော)နှင့် ရာဇာထွန်း(RAY)တို့ပြိုင်ပွဲတွင် ရာဇာထွန်း လက်သီးထိုးချက်ကြောင့် သီဟ ဒုတိယအချီ အနားတောင်းခဲ့ပြီး တတိယအချီ၌ ရာဇာထွန်းခြေကန်ချက်ဖြင့် သီဟကိုအလဲထိုးအနိုင်ရရှိခဲ့သည်။ မင်းထက်မိုက်(MK 1) က ရန်နိုင်ထွန်း(ရိုးရာသွေး)ကို ဒုတိယအချီတွင် အလဲထိုးနိုင်ခဲ့သည်။ နိဇန်ဖော့(Dojo 9) နှင့်ကျုံးဝါး(ကျားမနိုင်)ပြိုင်ပွဲတွင် ကျုံးဝါးလက်သီးကြောင့် နိဇန်ဖော့ ဒုတိယအချီ၌ အနားတောင်းခဲ့ရပြီး တတိယအချီပြည့်ထိ နိဇန်ဖော့ ထိုးခဲ့ရာ ပူးတွဲသရေကျခဲ့သည်။ ပြည့်ဖြိုးမောင်(ကျားဘုရင်) ခြေကန်ချက်၊ လက်သီးထိုးချက်ကြောင့် အောင်ကိုဦး(M.F.C) တတိယအချီတွင် အမှတ်စဉ်သုံးကြိမ်ရေတွက်ခံရကာ အရှုံးပေးလိုက်ရသည်။ ဝေယံမင်းသူ(ပဲခူးကလပ်) လက်သီးများကြောင့် ပထမအချီတွင် ပိုင်ကြီး(ရိုးရာသွေး)ကို အလဲထိုးအနိုင်ရရှိသွားသည်။ အောင်ကောင်းခန့် (STL)က ဖိုးခွား(ရိုးရာသွေး)ကို ပထမအချီတွင် အလဲထိုးနိုင်ခဲ့ပြီး ရှိန်းထက်အောင်(ရန်ကြီးအောင်)နှင့် သန့်သူရစိုး(YMA) ပြိုင်ပွဲက အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့၍ ဓနု(PLP)နှင့် ညီဝဏ္ဏ(ကျားဘုရင်)ပြိုင်ပွဲမှာ သရေဖြစ်ခဲ့သည်။ လျှမ်းထက်အောင် (9-ကလပ်)က သူရအောင်(Holy Power) ကို တတိယအချီတွင် အနိုင်ယူခဲ့သည်။ ကောင်းထက် (ကျားဘုရင်)နှင့် လင်းဘုန်းဦး(Dojo 9) တို့ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။ မင်းခန့်(ရိုးရာသွေး) လက်သီးကြောင့် ကောင်းထက်ဇော်(STL) ပထမအချီတွင် အနားတောင်းခဲ့ရပြီး ကောင်းထက်ဇော် သက်လုံကောင်းကာ ဒုတိယအချီတွင် ကောင်းထက်ဇော် ဒူးတိုက်ချက်ကြောင့် မင်းခန့်ကို အလဲထိုးအနိုင်ရရှိသွားသည်။

အဆိုပါ မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ၂၂ ကြိမ်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း သုံးကြိမ်မြောက်ကျင်းပခဲ့ခြင်းဖြစ်၍ ယခုပြိုင်ပွဲတွင် ကလပ်ပေါင်း ၁၄ ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲများကို



လစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေး ဦးပိုင် အဓိက ကူညီပေးထားကာ ရန်ကုန်တိုင်းဒေသကြီးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အစိုးရအဖွဲ့က ပံ့ပိုးပေးထားသည်။ **အာကာစိုး**



Jullniss အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

## MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၁၈**

FIFA-MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ကို တောင်ဒဂုံအားကစားရုံ၌ ယနေ့ဆက်လက်ကျင်းပသည်။

ယခုတစ်ပတ်တွင် ဒုတိယနေရာမှ SGF အသင်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ထိပ်ဆုံးမှ Kyaung Sayar Tharhtwe အသင်းသည် ငါးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။ ပွဲစဉ် (၉) တွင် King Cobra အသင်းက TKA Stars အသင်းကို ခုနစ်ဂိုးပြတ်၊ Jullniss အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ Golden Boys အသင်းက SGF အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Kyaung Sayar Tharhtwe အသင်းက FFU မင်းမဟော်အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက မလိခအသင်းကို ငါးဂိုး-တစ်ဂိုး၊ Avengers Junior အသင်းက Victoria အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၉) အပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၂၇ မှတ်ဖြင့် ဦးဆောင်နေပြီး SGF အသင်းက ၂၂ မှတ်၊ Pacific Sun Far အသင်းက ရမှတ် ၂၀၊ Avengers Junior အသင်းက ၁၉ မှတ်၊ King Cobra အသင်း၊ Victoria အသင်းနှင့် Golden Boys အသင်းတို့က ၁၅ မှတ်စီ၊ Jullniss အသင်းက ၁၃ မှတ်၊ မလိခအသင်းက ကိုးမှတ်၊ TKA Stars အသင်းက လေးမှတ်ရထားပြီး FFU မင်းမဟော်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့မှာမူ ကိုးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **ကိုညီလေး၊ ဓာတ်ပုံ-MFF**

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ မြို့ကြီးသုံးမြို့၌ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၁၈**

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန်၊ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဆက်လက်ကျင်းပသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ် (၇) ဒုတိယနေ့တွင် ရန်ကုန် တောင်ဇလပ်အသင်းက Southern Yangon Star အသင်းကို သုံးဂိုး-တစ်ဂိုး၊ Yangon Focus အသင်းက မြသီတာအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိသည်။ ရန်ကုန်ဇုန် ပွဲစဉ် (၇) အပြီးတွင် ရွှိုင်ရယ် ရန်ကုန်အသင်းက ခုနစ်ပွဲစလုံးအနိုင်ရကာ ရမှတ် ၂၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး Mar Rein အသင်းက ၁၈ မှတ်၊ အာသာဝတီအသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Yangon Focus အသင်းက ၁၂ မှတ်စီ၊ မင်္ဂလာဒုံစီးတီးအသင်းက ၁၀ မှတ်၊ Southern Yangon Star အသင်းက ကိုးမှတ်၊ Burmese Youth အသင်းက ရှစ်မှတ်၊ Golden Light United အသင်းနှင့် ရန်ကုန် တောင်ဇလပ်အသင်းက ငါးမှတ်စီ၊ The Honour အသင်းက လေးမှတ်၊ မြသီတာအသင်းက သုံးမှတ်ရရှိထားသည်။



ရန်ကုန်တောင်ဇလပ်အသင်းနှင့် Southern Yangon Star အသင်း ယှဉ်ပြိုင်စဉ်။

မန္တလေးဇုန် ပွဲစဉ် (၄) ဒုတိယနေ့တွင် ရွှေပေလိပ်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တောင်ကြီးဇုန် ပွဲစဉ် (၄) ဒုတိယနေ့တွင် ရှမ်းတောင်အသင်းက Paw Muu Region အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ တောင်ကြီးဇုန် ပွဲစဉ် (၄) အပြီးတွင် ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းတောင်အသင်းနှင့် Paoh New Generations အသင်းတို့က ခုနစ်မှတ်စီ၊ အင်းလေးလူငယ်အသင်းက ခြောက်မှတ်၊ Middle Shan State အသင်းက အမှတ်မရသေးပေ။ မန္တလေးဇုန် ပွဲစဉ် (၄)အပြီးတွင် STNM အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ရွှေပေလိပ်အသင်းက ရှစ်မှတ်၊ အနီးစခန်းအသင်းက ခြောက်မှတ်၊ Youth Soccer Future အသင်းနှင့် Sparrow အသင်းတို့က လေးမှတ်စီရရှိထားကာ စစ်ကိုင်းယူနိုက်တက်အသင်းမှာမူ အမှတ်မရရှိပေ။

**ညီမြတ်သော်တာ၊ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင် မူးယစ်ဆေး။**

*စာမျက်နှာ ၂၀ မှ*

ချဉ်ဖတ်ပြုလုပ်သောအခါ အချဉ်ဖောက်ခြင်းကို မြန်စေရန်နှင့် အာဟာရဓာတ်များ ဆုံးရှုံးမှုနည်းစေရန် ထပ်ဖြည့်ပစ္စည်းများ (ဥပမာ- သကာရည်၊ အင်ဇိုင်း၊ အက်စစ်ပျော့များနှင့် လက်တစ်အက်စစ်ပိုးမွှားများ)ကို ချဉ်ဖတ်သိပ်စဉ် ရောထည့်နိုင်သည်။

တိရစ္ဆာန်များအား ချဉ်ဖတ်ကျွေးမွေးရာတွင် နည်းနည်းချင်းစီစကျွေးပြီး ချဉ်ဖတ်၏ အနံ့နှင့်အရသာကို ကျင့်သားရပြီးမှသာ တဖြည်းဖြည်း တိုးကျွေးရမည်ဖြစ်သည်။ ချဉ်ဖတ်ကို နေ့စဉ် နို့စားနွားမတစ်ကောင်လျှင် ခြောက်ပိသာမှ ၁၀ ပိသာအထိ၊ ခိုင်းနွားတစ်ကောင်လျှင် ၁၀ ပိသာမှ ၁၂ ပိသာအထိ၊ သိုး၊ ဆိတ် တစ်ကောင်လျှင် ၃၀ သားမှ ၉၀ သားအထိ ကျွေးမွေးနိုင်သဖြင့် နွေရာသီအစာ ရှားပါးချိန်နှင့် မိုးခေါင်၍ အစာရှားပါးမှုဒဏ်ကို ကာကွယ်နိုင်ပါသည်။ တိရစ္ဆာန်များကို ကျွေးမွေးသည့်အခါ ချဉ်ဖတ်အပုံကြီးအတွင်းမှ ထုတ်ယူကျွေးမွေးခြင်းဖြစ်ပါက တစ်ရက်စာလုံလောက်သည့်ပမာဏကို ထုတ်ယူ၍ တစ်ပြိုင်တည်း အကုန်ကျွေးမွေးရပါမည်။ လေနှင့် ထိတွေ့ချိန်များသွားပါက မှိုများပေါက်ပွားလာပြီး ချဉ်ဖတ်၏အရည်အသွေး ပျက်စီးသွားကာ အဆိပ်အတောက်ဖြစ်စေပါသည်။ ချဉ်ဖတ်အား နေ့စဉ်ဖွင့်ဖောက်ကျွေးနေစဉ်ကာလတွင် အပေါ်ယံရှိ မှိုတက်နေသော အစိတ်အပိုင်းများကို ဖယ်ရှားပြီး ကျွေးမွေးရမည်ဖြစ်ပါသည်။

ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်သူများအနေဖြင့် မိုးရာသီ တိရစ္ဆာန်အစာပင်များ ပေါများချိန်တွင် ပိုလျှံသောတိရစ္ဆာန်အစာပင်များကို ချဉ်ဖတ်ပြုလုပ်၍ ထိန်းသိမ်းထားပြီး အစာရှားပါးသောကာလများတွင် တိရစ္ဆာန်များအား ကျွေးခြင်းအားဖြင့် အစာဖိုးကုန်ကျစရိတ်နည်းပြီး အရည်အသွေးကောင်းသည့်ချဉ်ဖတ်များ ကျွေးမွေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်းကို မြှင့်တင်ကြပါစို့ဟု တိုက်တွန်းရင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

**ကိုးကားစာရင်း**

၁။ နွားစာချဉ်ဖတ်ပြုလုပ်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
၂။ အစိမ်းရောင်လမ်း၊ https://greemwaymyanmar.com
၃။ https://www.burmese-lexicon.com

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အမိုးအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇

Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ရယူလိုက်ပါ။ Google Play


Developed by ; In collaboration with ; Printed by ;

DRR Working Group Myanmar


၈

# တရားမဝင်သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

မေ ၁၆ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၆၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Myanmar National Airlines လေယာဉ်ခရီးစဉ်အမှတ် MU–2031/ SF–4704 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော (Moissanite) အဖြူရောင်ကျောက်အပွင့်ဆိုက်စုံ ၆၄၅ ပွင့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၁၅၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် အမှတ်(၂)လမ်းမကြီး၊ စီးပွားရေးတက္ကသိုလ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အင်းတကော်တာဆုံအနီး Max ဆီဆိုင်အရှေ့၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၁၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

မေ ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆၂၇၇၃၄၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



## ဘားအံမြို့နယ်၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်သူအား ဖမ်းဆီး

**နေပြည်တော် မေ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မေ ၁၆ ရက်က နှစ်လုံး/ သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့နယ် ဘားကပ်ကျေးရွာ အမှတ်(၆)ရပ်ကွက်အတွင်း လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဘားအံမြို့နယ် ဘားကပ်ကျေးရွာနေ စောဝင်းဖြိုး(၄၁)နှစ်အား နေအိမ်အရှေ့ခန်းရှိ စားပွဲပေါ်တွင် နှစ်လုံး/သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ်ရှစ်သိန်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စောဝင်းဖြိုးအား မြိုင်ကလေးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "U Soe Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် လယ်ဝေးမြို့နယ် ကံသာကျေးရွာနေ နေစိုးဝင်းအား ညနေ ၆ နာရီခွဲတွင် လယ်ဝေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ယမန်နေ့က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အနော်ရထာလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၆၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက်နေ ကျော်ရဲလှိုင်(၃၀)နှစ် မောင်းနှင်လာသော BGO–1 9K–... Toyota Hilux Vigo ယာဉ်သည် ရွှေရင်အေးကျောင်းလမ်းထိပ်အလွန်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် စက်ဘီးစီးနင်းလာသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်နေ ဦးသန်းဦး (၅၆) နှစ်အား ဝင်တိုက်မိပြီး လမ်းဘေးတွင်ရပ်တန့်ထားသော သန့်ဇင်လင်း မောင်းနှင်ပြီး အထည်ချုပ်စက်ရုံဝန်ထမ်းများဖြစ်သော လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်နေ မဖြူသဇင်သင်း(၂၃)နှစ်၊ (၂၀)ရပ်ကွက်နေသူများဖြစ်သည့် မသင်းသင်းနွယ်(၂၇)နှစ်၊ မအိသဉ္ဇာ(၂၀)နှစ်၊ မသက်မွန်အေး(၂၂)နှစ်နှင့် မနေခြည်နွေး(၂၀)နှစ်တို့ လိုက်ပါလာသော YGN–11 4E–... KIA BONGO II ယာဉ်ကိုဝင်တိုက်မိခဲ့သဖြင့် မဖြူသဇင်သင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဦးသန်းဦး၊ မသင်းသင်းနွယ်၊ မအိသဉ္ဇာ၊ မသက်မွန်အေးနှင့် မနေခြည်နွေးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်ရဲလှိုင်အား သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ရဲပြန်ကြား**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-2)

### Section (A) Listening

I. **Listen carefully to the teacher and match the phrases from Column A and Column B to make sentences.** (2 marks)

| Column A | Column B |
|---|---|
| 1. Does the giraffe have a long neck? | a. It runs very fast. |
| 2. How does the deer run? | b. No, it isn't. It is black and white. |
| 3. Is the zebra brown? | c. Yes, it does. |
| 4. How many legs does the ostrich have? | d. Eight. |
| 5. How many animals are there? | e. Two. |

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given in the box.** (2 marks)

| children | tall | have | curly hair | has |
|---|---|---|---|---|

Phyu Phyu : How many ...... (1) ...... are there in the picture?
Thin Thin : There are two.
Phyu Phyu : Is the girl ...... (2) ......?
Thin Thin : No, she isn't. She is short.
Phyu Phyu : Does she ...... (3) ...... long hair?
Thin Thin : Yes, she does.
Phyu Phyu : Does she have ....... (4) .......?
Thin Thin : No, she doesn't. She .......(5)...... straight hair.

### Section (C) Writing

III. **Fill in the blanks with a suitable word.** (2 marks)

1. This is U Ba's .......... (farm)
2. There are three .......... on the farm. (cow)
3. Five .......... are near the cows. (goat)
4. Seven .......... are in the sun. (pig)
5. There is also one .......... on the farm. (dog)

Answer Keys

I. 1. c 2. a 3. b 4. e 5. d

II. 1. children 2. tall 3. have 4. curly hair 5. has

III. 1. farm 2. cows 3. goats 4. pigs 5. dog

## Grade-5 (Unit-2)

### Section (A) Listening

I. **Listen carefully to the teacher and write True or False.** (5 marks)

| Example - 1. Sunny | (1) True |
|---|---|

(1) summer (1) ..............
(2) winter (2) ..............
(3) rain (3) ..............
(4) spring (4) ..............
(5) noon (5) ..............
(6) Temperature (6) ..............
(7) autumn (7) ..............

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given below.** (10 marks)

| seasons | weather | spring | hot | winter |
|---|---|---|---|---|
| Myanmar | rainy | usually | about | England |

Thura : In ...... (1) ....... we have three seasons. How many ...... (2) ....... do you have in England?
Henry : We have four seasons: ...... (3) ....... summer, autumn and winter.
Thura : Really? What's the ...... (4) ....... like in spring?
Henry : It's ...... (5) ....... rainy and cool.
Thura : And in summer?
Henry : It's often ...... (6) ....... and rainy.
Thura : How ...... (7) ....... in autumn?
Henry : It's cool and rainy. Sometimes we get storms.
Thura : And is the ...... (8) ....... cold and rainy, too?
Henry : Yes, the winter in ...... (9) ....... is often cool and ...... (10) ........ It's colder in winter than in autumn.

### Section (C) Writing

III. **Fill in the blanks with a suitable word form.** (5 marks)

1. Kyaw Kyaw was very (**young**) when he left school.
2. He wanted to find (**employ**) after school.
3. He had (**difficult**) getting a job.
4. He became a (**sell**) of brushes.
5. He went to houses to (**sale**) his brushes.
6. The ladies opened their doors (**polite**).
7. Some ladies were not (**interest**) in brushes.

### Section (D) Speaking

IV. **Answer the questions correctly asked by the teacher.** (10 marks)

1. When was the funfair held?
2. Where was it organized?
3. Who attended the funfair?
4. What was sold at the stalls?
5. What games were there?
6. What did you and your friends do?
7. What snacks did you enjoy?
8. Were there any performances?
9. How was the funfair atmosphere?
10. How did you feel about the funfair?

Answer Keys

I. (1) True (2) True (3) False (4) False (5) True (6) False (7) True

II. 1.Myanmar 2. seasons 3. spring 4.weather 5.usually 6. hot 7. about 8. winter 9. England 10. rainy

III. 1. young 2. employment 3. difficulty 4. seller 5. sell 6. politely 7. interested

IV. 1. Last month, the funfair was held.
2. It , was organized in the school playground.
3. All the students, teachers, and parents attended the funfair.
4. There were many stalls selling food, drinks, toys, and games.
5. Some students set up game booths like ring toss, balloon shooting, and lucky draw.
6. My friends and I enjoyed playing games and eating snacks.
7. I enjoyed cotton candy and ice cream.
8. There also music and dance performances by students.
9. The funfair was colorful, lively, and full of joy.
10. It was one of the most memorable days at school.

## Grade-6 (Unit-2)

I. **Underline the correct form of the verbs to complete the sentences.** (5 marks)

1. The cup is (**make/made**) of plastic.
2. He (**lose/lost**) his diamond yesterday.
3. The bag is (**make/made**) of leather.
4. I (**lend/lent**) him some money yesterday.
5. She has (**change/changed**) so much that I didn't recognize her.
6. It is (**rain/raining**) now. Don't go out.
7. I saw the girls (**talk/talking**) in the class.

Answer Keys

I. 1. made 2. lost 3. made 4. lent 5. changed 6. raining 7. talking

## Grade-7 (Unit-2)

I. **Supply the correct form of the verbs given in bracket.** (5 marks)

1. Daw Thein usually (**sell**) flowers.
2. I (**buy**) a new shirt last week.
3. She has (**win**) many prizes last year.
4. The boy has already (**do**) his homework.
5. She (**give**) me a new watch tomorrow.
6. Mother is (**make**) a new shirt for me.
7. We saw the girls (**dance**) on the stage.

Answer Keys

I. 1. sells 2. bought 3. won 4. done 5. will give 6. making 7. dancing

## Grade-8 (Unit-2)

I. **Supply the correct word for the blank in each sentence. The first letter is given to help you.** (10 marks)

1. Another word for "tired" is "**e** ........".
2. It is a good **h** ......... to get up early.
3. He stands **s**......... He is not moving.
4. One word for 'take a rest' is '**r**.........'.
5. We must eat **f**......... vegetables.
6. When you are tired, your brain will not **a**.........anything.
7. When our brain is tired, it will **r**......... everything.
8. We should study our lessons **r**..........
9. We can see the stars because the sky is **c**..........
10. Another word for 'begin' is '**s**.........'.
11. I don't forget your name. I always **r**......... it.
12. Filling our head with too many things is called **c**..........

Answer Keys

I. 1. exhausted 2. habit 3. still 4. relax 5. fresh 6. absorb 7. reject 8. regularly 9. clear 10. start 11. remember 12. cramming

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။



## လီဗာပူးလူငယ်ညာခံစစ်ကစားသမား ဘရက်ဒလေ လေးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

ညာခံစစ်ကစားသမား ကော်နာဘရက်ဒလေသည် ပရီမီယာလိဂ်ချန်ပီယံလီဗာပူးအသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် အဆိုပါ ကစားသမားသည် ယခုလအစောပိုင်းတွင် အသင်းဖော်ညာခံစစ်ကစားသမား အာနိုး လီဗာပူးမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုပြီးနောက် ပထမအသင်းတွင် ပိုမိုနေရာရလာဖွယ်ရှိနေသည်။

သို့သော်လည်း ၎င်းသည် လေဗာကူဆင်အသင်းမှ ညာခံစစ်ကစားသမား ဖရင်ပေါင် အန်းဖီးလ်သို့ ရောက်ရှိလာပါက ပုံမှန်နေရာ ရရှိရေးခြေစွမ်းပြသနိုင်ရန် လိုအပ်သည်။ ဘရက်ဒလေသည် ၂၀၁၉ ခုနှစ်တွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး တစ်နှစ်အကြာတွင် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝစာချုပ်ကို ချုပ်ဆို နိုင်ခဲ့သည်။

၎င်းသည် ၂၀၂၄-၂၀၂၅ ရာသီတွင် လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ကစားထားသည်။ ထို့အပြင် မြောက်အိုင်ယာလန်နိုင်ငံသားသည် မိခင်အသင်းအတွက်လည်း ၂၄ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူပေးထားနိုင်သည်။

### ခံစစ်ကစားသမားဘင်မီး ဘုန်းမောက်မှ ထွက်ခွာမည်



ဘုန်းမောက်အသင်း ခံစစ်ကစားသမား ဘင်မီးသည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည် ဖြစ်သည်။ ဘန်လေအသင်းတွင် ၁၁ နှစ်ကြာ ဖြတ်သန်းခဲ့သော အသက် ၃၅ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

၎င်းသည် ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိဘဲ ပရီမီယာလိဂ် နှစ်ပွဲသာ ပွဲထွက်ကစားခွင့် ရရှိထားသည်။

**■ မိုးဇက် - စုစည်းသည်**

မေ ၂၀ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၇) မှ ဘရိုက်တန်နဲ့ လီဗာပူးအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဘရိုက်တန်အသင်းက လီဗာပူးနဲ့ ထိပ်တိုက်တွေ့ဆုံတိုင်း ရှုံးပွဲဆက်နေမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ရလဒ်ဆိုးရွားမှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် ဘရိုက်တန်ကြောင့် လီဗာပူးအသင်း အခက်တွေ့နိုင်



■ စောင့်ကြည့်ရမယ့် ကစားသမား

ပက်ဒရို (ဘရိုက်တန်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

**ဘရိုက်တန် VS လီဗာပူး** နံနက် ၁း၃၀

ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ သုံးကြိမ်မှာ သုံးကြိမ်စလုံး လီဗာပူးအသင်းက အနိုင်ရထားတယ်။ ဘရိုက်တန်က လီဗာပူးနဲ့ တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ လီဗာပူးအသင်းကလည်း ရလဒ်ကောင်းရရှိရေး ခြေကုန်ထုတ်လာမှာပါ။

ဘရိုက်တန်အသင်းရဲ့ ခြေစွမ်းက အတက်ဘက်ရောက်နေပြီး လီဗာပူးအသင်းရဲ့ ခြေစွမ်းက အကျဘက်ရောက်နေတယ်။ မည်သို့ပင်ဆိုစေ ရမှတ်လိုအပ်ချက်မရှိတော့တဲ့ လီဗာပူးအသင်းထက် ရလဒ်ဆိုးချေဖျက်ဖို့ အာရုံစိုက်ကစားလာမယ့် ဘရိုက်တန်အသင်း နိုင်ဖွယ်ရာရှိတယ်။

| ဘရိုက်တန်နဲ့ လီဗာပူးတို့ရဲ့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ရလဒ် | | | |
|---|---|---|---|
| လီဗာပူး | ၂ - ၁ | ဘရိုက်တန် | ပရီမီယာလိဂ် |



■ စောင့်ကြည့်ရမယ့် ကစားသမား

ဆာလာ (လီဗာပူး)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၄၆ ကြိမ်

## နာမည်ကြီး ကိုကိုဂေါ့ဖ်ကို အနိုင်ယူပြီး အီတလီအိုးပင်းဖလား ပါအိုလီနီ ဆွတ်ခူး



■ အီတလီအိုးပင်းဖလား လက်ခံရယူပြီးနောက် အောင်ပွဲခံနေသည့် ပါအိုလီနီ။

အီတလီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပါအိုလီနီက အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များကို အဆင့်ဆင့် ကျော်ဖြတ်လာသော ကမ္ဘာ့အဆင့် (၄) ရှိ ကိုကိုဂေါ့ဖ်သည် ဗိုလ်လုပွဲတွင် လက်စွမ်းပြသနိုင်ခြင်းမရှိဘဲ ပြိုင်ဘက်ကို ၄-၆၊ ၂-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ဖလားကိုင်မြှောက်အောင်ပွဲခံခွင့် လွဲချော်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ပါအိုလီနီသည် ၁၉၈၅ ခုနှစ်က ရာဖယ်လာရက်ဂီ နောက်ပိုင်း အီတလီအိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်သည့် ပထမဆုံး အီတလီတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ၁၉၃၀ ပြည့်နှစ်က ပြိုင်ပွဲစတင်ပြီးနောက် ဖလားဆွတ်ခူးနိုင်သည့် စတုတ္ထမြောက် အီတလီတင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ပါအိုလီနီသည် ပြိုင်ပွဲတစ်လျှောက်တွင် ဂျေဘီယာ၊ အော့စတာပင်ကို၊ ရှနိုက်ဒါ၊ စတန်းမ်ကဲ့သို့ နာမည်ကြီး တင်းနစ်မယ်များကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာခြင်း ဖြစ်သည်။

၎င်းသည်ဗိုလ်လုပွဲတွင်လည်း လက်စွမ်းပြကာ သမိုင်းဝင်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။

## နော်တင်ဟမ်က ဝက်စ်ဟမ်းကို နိုင်ပွဲရပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် ရှင်သန်လာ


ပရီမီယာလိဂ်ပွဲစဉ် (၃၇) အဖြစ် မေ ၁၈ ရက် ည ၇ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် နော်တင်ဟမ်အသင်းပွဲစဉ်တွင် နော်တင်ဟမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမျှော်လင့်ချက် ရှင်သန်လာခဲ့သည်။

နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်မတည်မငြိမ်ဖြစ်နေသည့် နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းကို အကြိတ်အနယ်ကစားခဲ့ရပြီး ကျဉ်းမြောင်းသည့် ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ရမှတ်လိုအပ်ချက်မရှိသော်လည်း နော်တင်ဟမ်အသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။

နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ၃၇ ပွဲကစားပြီး ရမှတ် ၆၅ မှတ်ဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်ရရေး မျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့သည်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးမှုနှင့် ဆက်လက်ကြုံတွေ့ခဲ့ရသည်။

အစောပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့် ဆောက်သမ်တန်အသင်းပွဲစဉ်တွင် အဲဗာတန်အသင်းက နှစ်ဂိုး ပြတ်အနိုင်ရရှိခဲ့သည်။ အဲဗာတန်အသင်းအတွက် သွင်းဂိုးများကို အင်ဒီယာရီတစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

ညရှစ်နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက သုံးဂိုး-နှစ်ဂိုး၊ လက်စတာနှင့် အစ်ဆွစ်အသင်းပွဲစဉ်တွင် လက်စတာက နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။



■ ခံစစ်ကစားသမား မီလန်ကိုဗစ် နော်တင်ဟမ်အတွက် ဒုတိယဂိုး သွင်းယူစဉ်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## "မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## "မိုးရာသီကာလမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိခြင်းမှတစ်ဆင့်ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားတတ်ပါသည်။

### ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက-

- ❖ အရည်ဝမ်းများသွားခြင်း
- ❖ အော့အန်ခြင်း
- ❖ အားအင်ကုန်ခမ်းခြင်း
- ❖ ကြွက်တက်ခြင်း
- ❖ သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**ပြည်သူများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်-**

၁။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးပါ၊ အစားအစာများကို ပူပူနွေးနွေးစားပါ၊

၂။ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ပါ၊

၃။ အစားအစာများမကိုင်မီ၊ အစားအစာများကိုမပြင်ဆင်မီ၊ အစာမစားမီ၊ အိမ်သာအသုံးပြုပြီးချိန်တိုင်း နှင့် အညစ်အကြေးများကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျဆေးကြောပါ၊

၄။ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိ အမှတ်ပြုသောက်ရေသန့်ကိုသာသောက်သုံးပါ၊

၅။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုပါ၊

၆။ ယင်လုံအိမ်သာကို ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲပါ သို့မဟုတ် အိမ်သာများကို ယင်လုံစေရန် ဆောင်ရွက်ပါ၊

၇။ ယင်ကောင်များပေါက်ပွားမှုမှကာကွယ်ရန် စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောပြင်းထန်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသပါ။
ဓါတ်ဆားရည်သောက်ပါ။

၂၀၂၅ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

### ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

### ကာကွယ်နိုင်မည့်နည်းလမ်းများ

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀) ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။

၂၀၂၅ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## "မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

### ရောဂါလက္ခဏာများမှာ-

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

### ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျှင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

၂၀၂၅ခုနှစ်၊ မေလ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၅၂၄၉, Honda Dream 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးစံလှ ၆/မမန(နိုင်) ၀၈၃၉၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၉၈၅၂, Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၆/မမန(နိုင်) ၁၇၇၉၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၂၅ ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ(၂၉) ပါ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် (၇-၅-၂၀၂၅) ရက် ညနေ (၄:၃၀)နာရီ အစား **(၂၇-၅-၂၀၂၅) ရက် ညနေ (၄:၃၀) နာရီ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) လှိုင်ကော်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝေ | နှင့် | ၁။ ဦးနေဝင်း |
| | | ၂။ ဦးဝင်းမြင့် |
| | | ၃။ ဦးဟန်သိန်း |
| | | ၄။ ဒေါ်ကြူကြူအောင် |
| | | ၅။ ဒေါ်မေရီအောင် |
| | | ၆။ ဦးကျော်ဇင်လတ် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးနေဝင်း၊ အမှတ်(၇)တပ်မတော်ဆေးရုံ၊ လှိုင်ကော်မြို့၊ (၂)တရားပြိုင် ဦးဝင်းမြင့်၊ အမှတ်(၉၄၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၊ လှိုင်ကော်မြို့၊ (၄)တရားပြိုင် ဒေါ်ကြူကြူအောင်၊ ဒေါ်/၃၁၈၊ ဒေါ်တမရပ်ကွက်၊ လှိုင်ကော်မြို့နှင့် (၅)တရားပြိုင် ဒေါ်မေရီအောင်၊ အမှတ်-၃၂၊ နမ့်ဘော်ဝမ်(တိုးချဲ့)ရပ်ကွက်၊ လှိုင်ကော်မြို့နေသူများ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြည်ကြည်ဝေက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၈ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမြတ်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှိုင်ကော်မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၂၅ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အစား ဌာနမှူး(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလှမင်း ၁၂/အစန(နိုင်)၀၇၇၇၈၃ ၏ ဒုတိယတန်းစက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ် အမှတ် CED -II 0115/22-23မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၆၃၅၃၂၄၂**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ကြာကန်ရွာနေ မောင်လင်းပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထိုက် ၉/မထလ(နိုင်)၂၆၄၂၈၀ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းထိုက်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အမက မူလွန်မကျီးတန်းကျောင်းတွင် ပညာသင်ကြားနေသော မပြည့်ဖူးခိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထိုက် ၉/မထလ(နိုင်) ၂၆၄၂၈၀ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းထိုက်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီ အချိန်ထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင် နည်းနေသည့် နေ့အချိန်တွင် လည်းကောင်း အလင်းရောင် ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

( ခ ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ် နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ပိတောက်လမ်း၊ အမှတ်-ဆ ၆၃(က)၌ ရုံးခန်းဖွင့်လှစ်ထားသည့်Golden Wax Co.ltd သည် ဖြိုးမောက် အမှတ်တံဆိပ် ခတ်မြေသြဇာများအား မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး online တွင်လည်း Golden Wax Co.,Lltd အမည်ဖြင့် Page တရားဝင်ဖွင့်လှစ်ပြီး ဖြိုးမောက်အမှတ်တံဆိပ်ခတ် မြေသြဇာများအား ဖြန့်ဖြူးရောင်းချလျက်ရှိပါ သည်။

ယခုအခါ Golden Wax Co.Ltd၏ ဖြိုးမောက် အမှတ်တံဆိပ်ခတ်မြေသြဇာ Online Page အား မသမာသူများက "ဖြိုးမောက်ခတ်မြေသြဇာကုမ္ပဏီ" အမည်ဖြင့် Online Page အတုများအား ဖန်တီး၍ Golden Wax Co.,ltd ၏ရုံးခန်းလိပ်စာအား ဖော်ပြကာ မှန်ကန်မှုမရှိသော ဖုန်းနံပါတ်များ ထည့်သွင်း ဖော်ပြပြီး Golden Wax Co.,Ltd နှင့် ဖြိုးမောက်အမှတ်တံဆိပ်ခတ်မြေသြဇာ ဝယ်ယူသုံးစွဲသူများအား ထိခိုက်နစ်နာဆုံးရှုံးစေရန် လိမ်လည်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ "ဖြိုးမောက်ခတ်မြေသြဇာကုမ္ပဏီ" အမည်ဖြင့် ဖွင့်လှစ်ထားသည့် Online Page အတုအား သတိပြုရှောင်ရှားကြပါရန်နှင့် Golden Wax Co.,Ltd ၏ ဖြိုးမောက်အမှတ်တံဆိပ်ခတ်မြေသြဇာများအား Online Page မှ ဝယ်ယူလိုသူများအနေဖြင့် ဖုန်း-၀၉-၉၄၅၀၄၉၉၄၉(Viberပါ) သို့ တရားဝင်ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အထက်ဖော်ပြပါ Page အတုသည် Golden Wax Co.ltd နှင့်သက်ဆိုင်ခြင်း မရှိသည့်အတွက် တာဝန်ယူဖြေရှင်းပေးမည်ဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စိုးမင်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၁၅၃၇၉/၁၀-၁-၂၀၁၉)**
**အမှတ်- ၈၃/၁၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၈၀၉၈၄၇၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အင်တောကျယ်ကျေးရွာ၊ ဦးပိုင်အမှတ်-၁၂၀/၅၊ ကွင်းအမှတ်-၂၁၀၄၊ ဘုန်းကြီးကန်ကွင်း၊ လက်ရှိမြေအမည်ပေါက်-ဦးစန်းဦး ၉/ကပတ(နိုင်)၁၇၈၅၄၁၊ (၀ ဒသမ၄၁) ဧကကျယ်ဝန်းသည့်ဂရန်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် FAMOUS GROUP OF COMPANIES LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-107625909)၏ ကိုယ်စား ဒေါ်သက်ဟေသီဆွေ၊ ဥက္ကဋ္ဌထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စန်းတင့် B.A(Law), LL.B** | **ဦးထက်ဝေမြင့် B.A (Eng), PGDL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၅၇)** |
| **ဖုန်း-၀၉-၅၀၉၉၆၃၇** | **ဖုန်း - ၀၉-၇၅၅၇၅၆၈၈၄** |

**အမှတ်(၅၈၈)၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## လားရှိုးမြို့နေ(ဘ)ဦးမွေး၏အငယ်ဆုံးသမီး ဒေါ်နုနုလွင်နှင့်အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သော(ဘ)ဦးမွေး၏ သမီးကြီးဒေါ်မေမွေးသည် လားရှိုးမြို့၊ ရပ်ကွက်ကြီး(၄)၊ နယ်မြေ(၅)၊မန္တလေးလမ်း(ညွှန့်ပုံနှိပ်တိုက်ဘေး)ရှိလားရှိုးမြို့၊ ရပ်ကွက်ကြီး(၄)၊ ပန်အုပ်ရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ ဦးပိုင်အမှတ်(၇)ရှိမြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိနေအိမ်တွင်မွေးဖွားကြီးပြင်းနေထိုင်လာခဲ့ရာယခုအချိန်ထိလက်ရှိထားနေထိုင်အကျိုးခံစားလျှက်ရှိသူဖြစ်ကြောင်း သိရှိရပါသည်။

ယခုအခါဖော်ပြပါမြေကွက်ကို ဒေါ်နုနုလွင်မှရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်မေမွေး၏ညွှန်ကြားမှုအရသိရှိရပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ဒေါ်မေမွေး၏စာဖြင့် အတိအလင်းသဘောတူညီမှုမရှိဘဲ မည်သူမျှလွှဲပြောင်း၊ ရောင်းချခြင်းများမပြုလုပ်ရန် ဒေါ်နုနုလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **(ဘ)ဦးမွေး၏သမီးဒေါ်မေမွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးဟန်(LL.B)** | **ဦးအောင်ကျော်ဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **(LL.B),(DL.101 WIPO(Switzerland))** |
| **(စဉ်-၈၆၁၁/၂၀၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၀/၂၀၂၀)** |

**ဖုန်း ၀၉-၄၄၈၆၅၇၃၂၀၊ ၀၉-၄၂၁၅၆၆၉၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၁၅၃၅, Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမင်းထွန်း ၆/ပလန(နိုင်) ၁၂၀၈၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၅၂၁၂၄, Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဆုမြတ်ကျော် ၆/မမန(နိုင်) ၂၁၈၀၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး ဘားအံမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အရာထမ်း(၂)ခန်းတွဲ RC (၄)ထပ်( ၅၆'x၅၀') ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား/တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၉-၅-၂၀၂၅ ရက်
**နောက်ဆုံးလျှောက်လွှာ** - ၂-၆-၂၀၂၅ ရက်
**တင်သွင်းရမည့်ရက်**
**တင်ဒါဖွင့်မည့်ရက်** - ၅-၆-၂၀၂၅ ရက်
**တင်ဒါဖွင့်မည့်နေရာ** - ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး
**တင်ဒါဖွင့်မည့်အချိန်** - (၁၀: ၀၀)နာရီ (ကြာသပတေးနေ့)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပြည်နယ်စီမံကိန်းဦးစီးရုံး ဖုန်း-၀၅၈-၂၂၂၆၀၊ ၀၅၈-၂၁၀၅၂၊ ၀၉-၅၆၆၀၉၆၀

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) လှိုင်ကော်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဦးလှသိန်း | နှင့် | ၁။ ဦးနေဝင်း |
| | | ၂။ ဦးဝင်းမြင့် |
| | | ၃။ ဦးဟန်သိန်း |
| | | ၄။ဒေါ်ကြူကြူအောင် |
| | | ၅။ ဒေါ်မေရီအောင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးနေဝင်း၊ အမှတ်(၇)တပ်မတော်ဆေးရုံ၊ လှိုင်ကော်မြို့၊ (၂)တရားပြိုင် ဦးဝင်းမြင့်၊ အမှတ်(၉၄၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၊ လှိုင်ကော်မြို့၊ (၄)တရားပြိုင် ဒေါ်ကြူကြူအောင်၊ ဒေါ်/၃၁၈၊ ဒေါ်တမရပ်ကွက်၊ လှိုင်ကော်မြို့နှင့် (၅)တရားပြိုင် ဒေါ်မေရီအောင်၊ အမှတ်-၃၂၊ နမ့်ဘော်ဝမ်(တိုးချဲ့)ရပ်ကွက်၊ လှိုင်ကော်မြို့နေသူများ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှသိန်းက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမြတ်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှိုင်ကော်မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/2523 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁ (က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၁၂၉)၊ မြေဧရိယာ(၀ဒသမ ၀၄၆) ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၄၆/၂၀၀၇-၂၀၀၈ အရ ဦးဆင်ဒဂုဏ်အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်း အဝယ်စာချုပ်အမှတ် (၀၀၁/၂၀၁၈)ဖြင့် ဦးမိုးသန့်ဇင်မှလည်းကောင်း၊ ဦးမိုးသန့်ဇင်၏ အထွေထွေကိုယ်စားလှယ်ရရှိသူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၀၆၉/၂၀၁၈)ဖြင့် ဦးစိုးမိုးနိုင်ဂိုး၊ ဒေါ်လွင်လွင်ချိုတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုးမိုးနိုင်ဂိုး ၆/မအရ(နိုင်) ၀၀၂၃၉၅၊ ဒေါ်လွင်လွင်ချို ၆/မအရ(နိုင်) ၀၉၀၉၁၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## မြစ်ကြီးနားခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊မြစ်ကြီးနားခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို (၁၉-၅-၂၀၂၅) ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၉-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့)

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂-၆-၂၀၂၅ရက်၊ (တနင်္လာနေ့)၊ ညနေ (၁၆:၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** - သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျွန်းပင်သာရပ်ကွက်၊အိမ်အမှတ်(၅၀၉)၊ မြစ်ကြီးနားမြို့။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၉-၄၄၀၀၀၅၂၄၉

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစာရေးကိရိယာပစ္စည်း(၆၁)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **၅-၆-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ** နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၂၀-၅-၂၀၂၅ ရက်မှစ၍ ၃-၆-၂၀၂၅ ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၉-၂၅၀၂၈၄၁၂၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ လမ်းအထူးအဖွဲ့ (၁၀)၊
## ဟားခါးခရိုင်နှင့် တီးတိန်ခရိုင်
## တင်ဒါအမှတ်စဉ်(၁ / ၂၀၂၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးခရိုင်နှင့် တီးတိန်ခရိုင်တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ခြင်း(လုပ်ငန်းတင်ဒါ)နှင့် လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်း(ပစ္စည်းတင်ဒါ)အား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန် နေရာ** - ၁၆-၅-၂၀၂၅ ရက်၊ နံနက် (၉:၃၀)နာရီမှ ညနေ (၄:၀၀)နာရီ
- (၁)ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့
- (၂)ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့
- (၃)လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးခရိုင်

(ခ) **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် ရက်/အချိန်** - ၂၆-၅-၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ

(ဂ) **Pre-bid meeting ကျင်းပမည့်ရက်** - ၂၇-၅-၂၀၂၅ ရက်၊ နံနက်(၉:၃၀)နာရီ

(ဃ) **PO Chequeပေးသွင်းရမည့် နောက်ဆုံးရက်** - ၂-၆-၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ

(င) **စာအိတ်(Aနှင့်B)နောက်ဆုံးတင်သွင်း ရမည့် ရက်/အချိန်** - ၅-၆-၂၀၂၅ ရက်၊ညနေ(၃:၀၀)နာရီ

(စ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်။

(ဆ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့၏ ဖုန်း(+၉၅၉ ၄၂၇ ၅၉၂ ၂၄၃)၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့၏ဖုန်း (+၉၅၉ ၄၄၃ ၀၅၃ ၇၃၃)၊ နှင့် လမ်းဦးစီးဌာန၊ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၏ဖုန်း(+၉၅၉ ၈၈၃၄၆၀၁၃၂) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မိုင်းကိုင်မြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်သိန်းနိုင် ၁၃/မကန(နိုင်)၀၁၃၈၉၂ ၏ ဖခင်အမည်မှန်မှာ ဦးဖိုးသွယ် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

နေပြည်တော်၊ အထက(၇)၊ Grade 5 ပညာသင်ကြားခဲ့သော မစုစန္ဒီထွန်း(ခ) မစုနဒီထွန်း၏ မိဘအမည်မှန်မှာ ဦးထွန်းဝင်း- ဒေါ်အေးထက်ထက်သူ ဖြစ်ပါကြောင်း။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါ ရုံးသုံးစာရေးကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၉ မျိုး |
| ၂။ | တာယာ | ၂ မျိုး |
| ၃။ | ဘက်ထရီ | ၂ မျိုး |
| ၄။ | စက်ဆီချောဆီ | ၆ မျိုး |
| ၅။ | ဆင်သံကြိုး | ၃ မျိုး |
| ၆။ | ပတ်လွှ | ၃ မျိုး |

**တင်ဒါရောင်းချမည့်ရက်** - ၁၉-၅-၂၀၂၅ရက်၊ နံနက် ၁၀:၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်** - ၃-၆-၂၀၂၅ရက်၊ နေ့လယ် ၁၅:၀၀ နာရီ
**တင်ဒါရောင်းချမည့်နေရာ** - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊**
ဖုန်း-၀၁-၈၂၅၄၁၉၃၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၅၇-လမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၃၄ E)၊ မြေကွက်အမှတ် (၃၆၄)၊ မြေဧရိယာ ၀ ဒသမ ၀၂၉ ဧက၊ နှစ်(၉၀)ဂရန်၊အမှတ်(၈၂)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် မြေရှင်များ/အမည်ပေါက်များဖြစ်ကြသော ဒေါ်အမြင့် ၁၂/တမန(နိုင်)၀၄၂၂၃၂ အပါအဝင်(၇)ဦးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ကန်ထရိုက်တာ ဦးမြင့်မောင်မောင် ၁၂/တမန(နိုင်)၁၃၇၄၅၂ တို့က ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်တွင် (၁)ခန်းတွဲ ခြတ်လှေကားပါ(၈)ထပ်တိုက် အဆောက်အအုံ(၁)လုံး ဆောက်လုပ်ရန် သဘောတူညီမှုပြုလုပ်၍ စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အဆောက်အအုံဆောက်လုပ်ခြင်းအပေါ် ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းများခိုင်လုံစွာယူဆောင်ပြီး ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဆောက်လုပ်ရေးလုပ်ငန်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်မောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝသန်စည်သူ(LL.B)(D.I.L)(D.B.L)** | **ဒေါ်မြတ်သွယ်ချမ်း(LL.B)(D.B.L)**
**အထက်တန်းရှေ့နေ (၅၃၀၀၃)** | **အထက်တန်းရှေ့နေ (၅၅၆၆၈)**
**ဖုန်း - ၀၉-၄၂၁၁၀၁၀၀၆၊ ၀၉-၉၅၇၇၅၂၁၇၉**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၆၂)၊ အခန်း(၆) ပတ္တမြား(၂)လမ်း၏ ပိုင်ရှင် ဦးခင်မောင်မောင်ဦး(BHN-004774)+ ဦးကျော်ထွန်းဦး (T/RGN-056527)ထံမှ ဒေါ်ကျင်စန်း ၁၂/ပဘတ(နိုင်)၀၀၄၆၇၈ က ဝယ်ယူခဲ့ပြီး ဒေါ်ကျင်စန်း ထံမှ ဦးအောင်ကိုကိုလွင်၁၂/လသယ(နိုင်)၀၈၄၁၄၈က ထပ်မံဝယ်ယူခဲ့သည့်အတွက် ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထား ပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၇၇/ဂ)၊ အခန်း(၃၊၄၊၅) နီလာ(၇)လမ်း၏ ပိုင်ရှင် ဦးအောင်နိုင်ဦး ၁၂/သဃက (နိုင်)၁၃၈၃၂၁ သည် ၁၅-၂-၂၀၂၅ ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် ဇနီးဖြစ်သူ ဒေါ်စုစုလှိုင် ၁၂/တမန(နိုင်)၀၉၈၉၅၅က ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၄-အီး၊ မြေကွက်အမှတ် ၁၇၃၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးစိုးမြင့် (၁၇)(DDE-၁၆၁၀၆၆) အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၇၂)နှင့် ကပ်လျက်ဘက်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂၄)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၇၃)ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇင်မာသောင်း ၁၂/အစန(နိုင်)၁၉၆၂၀၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးကျော့ဆွေ (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၇)**
**အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၉၃၄၃၅၃**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေ (မြန်မာကျပ်ငွေ)များဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (၁) | တာချီလိတ်လေဆိပ်၊ ပျက်စီးနေသော ခြံစည်းရိုးအလျား (၉၆၇၅) ပေတွင် ကျန်ရှိသော အလျား(၆၆၇၅)ပေအား (၉" x ၉") သံကူကွန်ကရစ်တိုင် (၁၀)ပေခြား စိုက်ထူ၍ ၄၁/၂ လက်မ အုတ်နံရံအမြင့် (၆)ပေနှင့် သွပ်ဆူးကြိုး အမြင့် (၂) ပေ၊ စုစုပေါင်းအမြင့် (၈) ပေလုံခြုံရေးခြံစည်းရိုးကာရံခြင်း | လုပ်ငန်း တစ်ရပ် |
| (၂) | တာချီလိတ်လေဆိပ်၊ ကျောက်စီရေလွှဲမြောင်း အလျား (၂၄၀၀)ပေတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၃) | တာချီလိတ်လေဆိပ်၊ လေယာဉ်ပြေးလမ်းအရှေ့ဘက်နှင့် အနောက်ဘက်ခြမ်းရှိပင်မ ရေနုတ်မြောင်းအလျား (၁၁၈၅၀)ပေအား အုတ်စီရေနုတ်မြောင်း တည်ဆောက်ခြင်း | ။ |
| (၄) | အနီးစခန်းလေဆိပ်၊ ILS တွင် ပါဝင်သော Localizer တပ်ဆင်ခြင်းလုပ်ငန်းနှင့် Glide Path Antenna တပ်ဆင်ခြင်း လုပ်ငန်းအတွက် လေယာဉ်ပြေးလမ်းနှင့် Level အညီ မြေညှိခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၅) | မော်လမြိုင်(လက်ရှိ) လေဆိပ်၊ လေယာဉ်ကွင်းခြံစည်းရိုး အလျား(၁၅၄၅၀)ပေအား(၉" x ၉") ကွန်ကရစ်တိုင် (၁၀)ပေခြား စိုက်ထူ၍ အုတ်နံရံအမြင့်(၆)ပေ၊ ၄.၅ လက်မ အုတ်ရိုးနှင့် သွပ်ဆူးကြိုး အမြင့်(၂)ပေ၊ စုစုပေါင်းအမြင့် (၈)ပေ အုတ်တံတိုင်း ခြံစည်းရိုးကာရံခြင်း | ။ |
| (၆) | မြိတ်လေဆိပ်၊ လေယာဉ်ပြေးလမ်း (၉၀၀၀ x ၂၀၀)ပေ၊ လေယာဉ်သွားလမ်း (၁၈၀ x ၇၅) ပေတို့တွင် မျက်နှာပြင်ပျက်စီးနေမှုအား နိုင်လွန်ကတ္တရာ ရေပိတ်လွှာတင်ခြင်းနှင့် Fillet စသည့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၇) | ကော့သောင်းလေဆိပ်၊ လေယာဉ်ပြေးလမ်း (၆၀၀၀ x ၁၅၀) ပေအား နိုင်လွန်ကတ္တရာ ရေပိတ်လွှာတင်ခြင်း | ။ |
| (၈) | လွိုင်ကော်လေဆိပ်၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၁၀၀ x ၅၀) ပေ (၄)ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ်အဆောက်အအုံ(၂)လုံးတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၉) | မော်လမြိုင် (လက်ရှိ) လေဆိပ်၊ လေယာဉ်ပြေးလမ်း (၅၃၀၀ x ၁၅၀) ပေနှင့် လေယာဉ်ရပ်နားနေရာ (၃၀၀ x ၂၀၀) ပေတို့အား ကတ္တရာရေပိတ်လွှာ (၁)ထပ်လောင်းခြင်း | ။ |
| (၁၀) | ဘုတ်ပြင်းလေဆိပ်ဝင်းအတွင်း အဝင်လမ်း၊ ခြံစည်းရိုး၊ ကားရပ်နားရန်နေရာ၊ ပြင်ပရေ/မီး ရရှိရေးနှင့်မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း | ။ |
| (၁၁) | မြိတ်လေဆိပ် ကုန်စည်အဆောက်အအုံ(Cargo) (၁၂၀ x ၆၀) ပေ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၁၂) | မြိတ်လေဆိပ်၊ လေယာဉ်ဝင်/ထွက်လမ်း(၁၀၀ x ၇၅) ပေ၊ လေယာဉ်ရပ်နားနေရာ(၂၀၀ x ၁၅၀)ပေ တည်ဆောက်ခြင်း | ။ |
| (၁၃) | ကော့သောင်းလေဆိပ်၊ လေယာဉ်ပြေးလမ်းမြောက်ဘက်သို့(၂၀၀၀ x ၁၅၀) ပေ တိုးချဲ့ခြင်း | ။ |
| (၁၄) | ကော့သောင်းလေဆိပ် ကုန်စည်အဆောက်အအုံ(Cargo) (၁၂၀ x ၆၀) ပေ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | ။ |
| (၁၅) | လေကြောင်းဦးစီးရုံးချုပ် (၁၀၉ x ၅၅) ပေရှိ Building A နှင့် (၂၂၅ x ၅၀) ပေရှိ Building B (၂)လုံးအား အကြီးစား ပြုပြင်မွမ်းမံခြင်း (အမိုး၊ မျက်နှာကြက်၊ တံခါးပြတင်းများ လဲလှယ်ပြုပြင်ခြင်း၊ အတွင်း/အပြင်ဆေးသုတ်ခြင်း) | ။ |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၂၀-၅-၂၀၂၅ ရက်မှ စတင်၍ **၂၇-၅-၂၀၂၅ရက်အထိရုံး**ချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး၊ ၃-၆-၂၀၂၅ရက်၊ ညနေ ၁၅:၀၀ နာရီတွင် တင်ဒါများနောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၅၀၉၈၂၁၉၊ ၀၉-၄၀၆၂၁၈၃၇၄၊ ၀၉-၂၅၀၁၈၂၉၈၁၊ ၀၉-၂၅၀၀၆၉၀၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက် ခိုင်ရွှေဝါလမ်းနေ ဒေါ်ချစ်ပိုပိုပိုင် ၁၂/လကန(နိုင်)၂၆၀၈၉၃၏ (၁၀)တန်း အောင်လက်မှတ်တွင် မိခင်အမည် ကွဲလွဲနေပါသဖြင့် ၎င်း၏မိခင် ဒေါ်ညွန့်ညွန့်စိန်နှင့် ဒေါ်ညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ညွန့်ညွန့်စိန်(ခ)ဒေါ်ညွန့်**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၈၄)၊ အခန်း(၅)ပိုင်ရှင် ဒေါ်ချိုချိုလွင် ၁၂/ပဘတ(နိုင်)၀၂၀၇၅၉၊ ပွဲရုံအဆောင် (၈၄) အခန်း(၆) ပိုင်ရှင်ဦးသာခင် ၁၂/ပဘတ(နိုင်)၀၁၉၁၃၉ တို့ထံမှ ဝယ်ယူသူ ဦးသိန်းမင်းဦး ၁၂/ဒဂဆ(နိုင်)၀၀၁၉၀၇က ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထား ပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာရပ်၊ (၉)လမ်း၊ ဦးပိုင်အမှတ် (စီ-၄၀၆) (၄၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးအောင်ကျော် အမည်ဖြင့်ရရှိထားသော ဝိုင်းမြေကွက်နှင့် ဝိုင်းမြေကွက်အတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမှန်တကယ်ပိုင်ဆိုင်သူ ဦးဟံတင် ၈/မကန(နိုင်)၀၄၄၉၄၀ က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်လှိုင် LL.B. WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၉)**
**အမှတ် ( ၃၅၄ ) ၊ ( ၆ ) လမ်း၊ အောင်စေတနာ ( က )ရပ်၊ မကွေးမြို့။**
**ဖုန်း-၀၉-၄၀၁၅၆၀၀၂၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ကလောမြို့၊ အမှတ် (၆)ရပ်ကွက်၊ သာယာကုန်းနေ ဒေါ်နွယ်နီတင် ၇/မလန(နိုင်)၀၆၆၀၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်ဘုန်းပြည့်ထက်တင် ၁၃/မဖန(နိုင်)၀၃၈၀၄၂ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိခင်ဖြစ်သူ၏ ငွေကြေးနှင့် ဥစ္စာပစ္စည်းများအား အကြိမ်ကြိမ်သုံးဖြုန်းခြင်း၊ မိခင်ဖြစ်သူအား ရိုင်းပျစွာပြောဆိုခြင်းတို့ကို သည်းမခံနိုင်လောက်အောင် ပြုလုပ်နေသောကြောင့် မိခင်တစ်ယောက်အနေဖြင့် မည်သို့မျှခွင့်မလွှတ်နိုင်ပါသဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစတင်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝမှာ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွှန်းလွှန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၇၈၇)**
**အမှတ် -၁၇၉ ၊ ဥမင်လမ်း၊ (၁၀)ရပ်ကွက်၊ ကလောမြို့။**
**ဖုန်း-၀၉-၄၀၀၀၃၃၉၇၈**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေ(Yuan)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)1/MR(ML/NPT) Yuan/25-26 | Procurement for Remanufacturing of (6) Units of Battery Electric Locomotives from original 1300HP YDM 4 Diesel Electric Locomotives |
| ၂ | 12(T)2/MR(ML/NPT) Kyat/25-26 | Procurement for Remanufacturing of (2) Units of Battery Electric Multiple Units from original Diesel Multiple Units |
| ၃ | 12(T)3/MR(ML/NPT) Kyat/25-26 | စက်ခေါင်းအရန်ပစ္စည်းများ၊ CAT 3508B ဒီဇယ်အင်ဂျင် အရန်ပစ္စည်းများနှင့် အထွေထွေပစ္စည်းများ (၂၃၇) မျိုး |
| ၄ | ၀၅/မမ/CME(NPT)/ Kyat/25-26 | စက်ပစ္စည်း (၃၀) မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၆.၆.၂၀၂၅) နေ့လည်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆.၅.၂၀၂၅) ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါကရင်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 294352, 291994, 291985

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၅ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-141(25-26) | Mud Chemical (6) Items | Ks |
| (၂) | DMP/L-142(25-26) | Assorted Sizes of Filter (1) Lot | Ks |
| (၃) | DMP/L-143(25-26) | Assorted Sizes of Bearing (1) Lot | Ks |
| (၄) | DMP/L-144(25-26) | Assorted Sizes of Belt (1) Lot | Ks |
| (၅) | DMP/L-145(25-26) | Lubricant Oil (1) Lot | Ks |
| (၆) | DMP/L-146(25-26) | Stationery Materials (8) Items | Ks |
| (၇) | DMP/L-147(25-26) | Paint and Accessories for All Oil Field (1) Lot | Ks |
| (၈) | DMP/L-148(25-26) | Paint and Accessories for Mann Oil Field (1) Lot | Ks |
| (၉) | DMP/L-149(25-26) | Assorted Sizes of Tarpaulin (6) Items | Ks |
| (၁၀) | DMP/L-150(25-26) | Empty Poly Bag (2) Items | Ks |
| (၁၁) | DMP/L-151(25-26) | Printer Cartridge, Colour Printer Cartridge, Copier Toner and Colour Copier Toner (11) Items | Ks |
| (၁၂) | DMP/L-152(25-26) | Assorted Sizes of Tyre (1) Lot | Ks |
| (၁၃) | DMP/L-153(25-26)CAP | Computer, Monitor, Projector , Flatbed Scanner & UPS (12)Items | Ks |
| (၁၄) | DMP/L-154(25-26)CAP | Printer, Color Printer and Copier (17) Items | Ks |
| (၁၅) | DMP/L-155(25-26)CAP | Air Conditioner (10) Items | Ks |
| (၁၆) | DMP/L-156(25-26)CAP | Office Furniture (12) Items and Office Equipment (10) Items | Ks |
| (၁၇) | DMP/L-157(25-26)CAP | Data Archiving System (1)Lot | Ks |
| (၁၈) | DMP/L-040(25-26)CAP (Retender) | CCTV System and Accessories (2) Items | Ks |
| (၁၉) | DMP/L-049(25-26) (Retender) | Accessories for Well Servicing Truck (3)Groups | Ks |
| (၂၀) | DMP/L-050(25-26) (Retender) | Accessories for National Torque Converter (2) Groups | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၉-၅-၂၀၂၅** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်၌ လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂-၆-၂၀၂၅ ရက် (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊**
**ဖုန်း-၀၉-၂၅၄၀၇၈၀၇၈/၀၉-၄၄၈၅၃၉၄၀၂**

## တစ်ဦးတည်းဖြစ်ကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၃) ရပ်ကွက်၊ ဓမ္မပီယနောက်လမ်းနေ ဦးစောဩဂစ်စတင်း-ဒေါ်နော်ဖောစေး ၏ သားဖြစ်သူ စောပြည့်ဖြိုးမောင် (ခ) ဘိုနေထူး ၃/ဘအန (နိုင်) ၂၂၅၅၆၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်တုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ အကွက်အမည် - တာဝတိံသာရပ်၊ ဦးပိုင်အမှတ်(၉၁၀)၊ ဧရိယာ ၀ ဒသမ ၀၄၇ ဧကရှိ ဘိုးဘပိုင်မြေအား ဦးလင်းရိပ်တာရာ ပါ (၂)ဦးတို့၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ရက်(၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးလင်းရိပ်တာရာ ၁၁/ရဗန(နိုင်) ၀၇၉၄၆၀**
**ဖုန်း-၀၉-၄၄၅၀၀၁၀၄၉**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ (ဘ)ဦးသန့်ဇင်၏သမီး ကျွန်မ ဒေါ်ဇင်ဇင်စိမ့် ၁၂/ဗဟန (နိုင်)၁၀၁၂၀၆၏ နိုင်ငံကူးလက်မှတ်နံပါတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၃၈၇၉၇၃

## မီးသတိပြု

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

မောင်မျိုး (၈/မမန(နိုင်)၂၇၂၈၀၃)နှင့် မအေးအေးနိုင် (၅/ဘတလ(နိုင်) ၁၁၆၄၀၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မောင်မျိုးနှင့် မအေးအေးနိုင်တို့မှာ တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ကြသဖြင့် (၁၇-၅-၂၀၂၅)ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အီလက်ထရွန်နစ်စနစ်ဖြင့် အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မောင်မျိုးနှင့် မအေးအေးနိုင်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းအလျှင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မောင်မျိုးနှင့် မအေးအေးနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခိုင်ဖြူလွင် (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၉၀)**
**ဘုရားလမ်း၊ ဆုံရပ်ကွက်၊ မကွေးမြို့၊ ဖုန်း-၀၉- ၄၀၁၃၉၉၉၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မေတ္တာ(၅)လမ်း၊ မြေကွက်အမှတ် (၇၀၉) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ပါမစ်မြေ အမည်ရှိ ဦးငွေထွန်း ၁၂/မဂဒ(နိုင်)၀၀၄၀၉၆ (အလျားပေ ၄၀xအနံပေ ၆၀) အနက်မှ (အလျား၁၀ပေx အနံပေ၆၀) ဧရိယာ ၀ ဒသမ ၀၁၃၇၅ ဧက၊ စတုရန်းပေ(၆၀၀) အကျယ်ရှိ မြေကွက်အမှတ် (၇၁၀) နှင့်ကပ်လျက် ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ဝင်းဝင်းထွေး ၁၂/ဒဂတ(နိုင်)၀၃၇၈၇၈ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြု ရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်ကိုသူ ၁၂/ဥကမ(နိုင်)၂၁၇၃၄၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထက်ထက်ထွန်း (LL.B) (DIL)**
**အထက်တန်းရှေ့နေ (စဉ် - ၅၄၉၇၇)**
**ဖုန်း-၀၉-၅၀၇၄၅၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်ပြားကျေးရွာ၊ ဦးပိုင်အမှတ် ၈၀/၁၀၄၊ ကွင်းအမှတ်-၁၆၁၁/ဃ-၁၊ ကန်ပြားအလယ်ကွင်း၊ လက်ရှိမြေအမည်ပေါက် ဒေါ်မိမိခိုင် ၁၂/အစန(နိုင်)၁၇၄၁၄၉၊ (၁ ဒသမ ၀၀)ဧက ကျယ်ဝန်းသည့် ဂရန်မြေကွက်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်ပြားကျေးရွာ၊ ဦးပိုင်အမှတ်-၈၀/၁၀၄၊ ကွင်းအမှတ်-၁၆၁၁/ဃ-၁၊ ကန်ပြားအလယ်ကွင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်အမည်ပေါက်-ဒေါ်မိမိခိုင် ၁၂/အစန(နိုင်) ၁၇၄၁၄၉၊ (၅ ဒသမ ၃၉) ဧကကျယ်ဝန်းသည့် "ယာ" မြေအမျိုးအစားမြေကွက်၊ စုစုပေါင်း မြေကွက်(၂)ကွက်၊ (၆ ဒသမ ၃၉)ဧက၊ ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် FAMOUS GROUP OF COMPANIES LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-107625909)၏ ကိုယ်စား ဒေါ်သက်ဟေသီဆွေ ဥက္ကဋ္ဌထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စန်းတင့် B.A(Law), LL.B** | **ဦးထက်ဝေမြင့် B.A (Eng), PGDL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၅၇)** |
| **ဖုန်း - ၀၉-၅၀၉၉၆၃၇** | **ဖုန်း - ၀၉-၇၅၅၇၅၆၈၈၄** |

**အမှတ်(၅၈၈)၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ဟံလင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၃၊ မြေကွက်အမှတ်-၇၇၇(က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား မျက်နှာ၀(၂၀)ပေx အနံအရှည်(၆၀)ပေရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော ဒေါ်ဆွေဆွေသန်းအမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ရေ၊ မီးမီတာ အပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ရောင်းချသူက စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကာ လက်ရှိထားနေထိုင်လျက်ရှိပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဦးဝါရာပါး ၁၂/သလန(ပြု)၀၀၂၁၃၂ နှင့် မောင်ကျော်ကျော်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးခိုင် ၁၂/မရက(နိုင်)၁၁၁၆၉၀က အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်နှင့်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းထက်ဦး( LL.B )** | **ဒေါ်ဝေမိုးသူ ( LL.B )** |
| **အထက်တန်းရှေ့နေ(စဉ် - ၄၀၈၇၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၂ )** |
| **ဖုန်း-၀၉-၇၅၄၆၃၃၃၅၆** | **ဖုန်း-၀၉-၄၂၁၁၄၉၇၆၈** |

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၇၊ မြေကွက်အမှတ်-၈၂၄၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၈၂၄၊ သမိန်ဗရမ်းလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်မြတ်ဇင် ၁၂/ဥကမ(နိုင်)၀၀၂၁၆၃နှင့် ဦးကျော်ထင် ၁၂/အလန(နိုင်)၀၄၀၈၃၁တို့အမည်ဖြင့်တည်ရှိပြီး ၎င်းတို့ထံမှ အရပ်ကတိစာချုပ် ဖြင့်ဝယ်ယူထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ကေဇင်လင်း(ဘ)ဦးခင်မောင်ဝင်း ၈/စလန(နိုင်)၀၀၁၃၃၃၊ အမှတ်၉၁၈/ခ၊ နှင်းဆီလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၇၉/က)၊ အကျယ်အဝန်း ၀ ဒသမ ၀၂၇ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် တစ်နည်းအားဖြင့် အမှတ် (၆၇၉/က)၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊မြို့ပြမြေ စီမံခန့် ခွဲမှုဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ခင်အေးအေးကျော် (ဘ)ဦးမောင်ကျော် ၉/ဝတန(နိုင်)၀၀၀၈၈၉ ၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူ သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထား ဂရန်၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁၃၉၃၀၆**

## လူပျောက်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၁၉နေ ဦးရဲထွဋ်၊ ဒေါ်ခင်စောဦးတို့၏သမီး မခင်မြတ်နိုး(ခ)နိုးနိုး အသက်(၁၆)နှစ် ၁၄-၅-၂၀၂၅ရက် ည ၇နာရီ ၈နာရီခွဲဝန်းကျင်တွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ဖုန်း-၀၉-၂၆၈၇၈၃၀၂၈၊ ၀၉-၂၆၆၅၇၃၆၈၄ တို့ကို ဆက်သွယ်ပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ ပင်းယလမ်း၊ မြေကွက်အမှတ်- ၃၃၃၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ဦးကျော်ငွေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းထွန်းလင်း ၁၄/ပခမ(နိုင်)၁၀၆၁၀၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသောင်းညွန့် ၁၂/ကမရ(နိုင်)၀၄၃၇၆၅ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက် အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၆)၊ ကျောက်စိမ်းမြတ်ရတနာ(၁)လမ်း၊ အမှတ်(၃၀၁/ခ)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိသည့် အိမ်ခြံမြေအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ညွန့်ညွန့်ဝင်း ၁၂/ဗဟန(နိုင်)၀၆၁၈၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းအိမ် ၁၃/သပန(နိုင်)၀၁၄၃၅၈က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက် ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက် အတွင်း စာရွက်စာတမ်းမူရင်းများနှင့် တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းအိမ် ၁၃/သပန(နိုင်)၀၁၄၃၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီဂီအေး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ် - ၁၄၈၁၉)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၁၅)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၆၈ နေ ဦးထွဋ်လင်း ၁၄/မအပ (နိုင်) ၁၇၇၆၃၆ နှင့် ဒေါ်နေခြည်အေး ၁၄/ဖပန(နိုင်)၀၉၂၁၈၅ တို့၏ သမီးဖြစ်သူ မချောစုသင်းသည် မိဘများ၏အုပ်ထိန်းမှုအောက်တွင် ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်မှထွက်သွားပြီး အတူနေထိုင်ခြင်းလည်းမရှိသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မချောစုသင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် ကိစ္စမှန်သမျှကို ကျွန်ုပ်မိတ်ဆွေများအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဦးထွဋ်လင်း၊ ဒေါ်နေခြည်အေး** | **ဦးမျိုးညွန့် LL.B (ဖျာပုံ)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်- ၈၇၂၆/၂၄-၁-၂၀၁၃)** |
| | **အမှတ် ၂၈၊ ပထမထပ်၊ ၁၄၁လမ်း၊ မအူကုန်း** |
| | **ရပ်ကွက်၊ တာမွေမြို့နယ်** |
| | **ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂** |

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ၊ ရေကန် ၊ ယာဉ် ဒါယကာကြီး ဦးဘိုလေး အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ကံ့ကော် (၂) လမ်း၊ ခြံအမှတ်(R-10)နေ (ဦးဘတင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးဘိုးကြူ-ဒေါ်မနီ)တို့၏ သားသမက်၊ ဒေါ်တင်မေ၏ခင်ပွန်း၊ ဦးမျိုးမြင့်-ဒေါ်အေးအေးမြ၊ (ဦး ဇော်မြင့်)၊ ဦးမြင့်လှိုင်-ဒေါ်မြမြမွန်၊ ဦးနိုင်ဝင်း-ဒေါ်ရူပါစိုး၊ ဦးခင်မောင်ညွန့်-ဒေါ် အေးအေးပြုံး၊ ဒေါ် ခင်ချိုချို၊ ဦးတင်အောင်စိုး-ဒေါ်လှဲ့လှဲ့ချို၊ ဦးမျိုးကျော်-ဒေါ်ရွှေ ရည်တိုး၊ Dr.ဦးထွန်းကျော်-Dr.ဒေါ်ငြိမ်းချမ်းပြည့်တို့၏ မွေးသဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုး ဦးဘိုလေးသည်၁၈-၅-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၆:၁၆နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၅ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် ၁(က)၊ ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၂၈၂+၁/၅)၊ မြေဧရိယာ ၀ဒသမ ၀၉၀၈ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၁၃၁/၂၀၂၂-၂၀၂၃အရ ဦးလှသန်းအမည်ဖြင့် ရရှိခဲ့ပြီး ဦးလှသန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၉၅/၂၀၂၄)ဖြင့် ဦးတင်မြင့်၊ ဒေါ်နွယ်နွယ်ယုတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးတင်မြင့် ၆/ကသန(နိုင်)၀၀၆၂၉၇၊ ဒေါ်နွယ်နွယ်ယု ၆/မအရ(နိုင်)၀၅၅၃၈၉တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၉(ဃ)၊ ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၂၇၀+၂၇၁)၊ မြေဧရိယာ ၀ဒသမ၁၀၅ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၂၁/၁၉၉၃-၁၉၉၄အရ ဦးဂွမ်၊ ဒေါ်လှထွေး တို့အမည်ဖြင့် ရရှိခဲ့ပြီး မြေငှားဂရန်မူရင်းသည် ၂၀၂၃ခုနှစ် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား မိတ္တူမှန်လျှောက်ထားနိုင်ရေး ဒေါ်အေးအေးသွယ် ၆/မအရ(နိုင်)၀၃၂၅၀၈ပါ (၇)ဦးတို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁/ကံဘဲ့)၊လူနေရပ်ကွက်အမှတ်-၈၊ သဇင်ဖြူ (၅)လမ်း၊ မြေကွက်အမှတ်(၃/၁၆၂)၊ ဧရိယာ(၀.၀၅၈)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နွယ်နီဝင်း ၁၂/ဗဟန(နိုင်)၀၈၃၄၀၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းစိုးမိုးကျော် ၁၂/ဥကမ(နိုင်)၂၇၈၈၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ပြည့်ဖြိုးလွင် | ဦးအောင်မြတ်ဟိန်း |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၂) |
| LL.B,D.B.L,D.I. L,D.M.L | LL.B |

အမှတ်(၁၂)၊ မြသီရိလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၇၇၅၆၇၄၂

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ်(၂၈၂)၊ အင်းဝင်(၉)လမ်း၊ နန်းတော်ရာရပ်ကွက်နေ ဒေါ်သန်းသန်းအေး ၇/ပခန(နိုင်) ၀၇၉၄၈၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးညွန့်လှိုင်နှင့်ဒေါ်သန်းသန်းအေးတို့၏သား မောင်ဇော်ထက်လင်း ၇/ပခန(နိုင်) ၃၀၄၄၂၂သည် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများ မကြိုက်သော၊ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းအေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယမင်းစံပယ်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၀၁၅၁)
အမှတ်(၃၃၁)၊ မွန်စံပြ(၂)လမ်း၊ ဟင်္သာကုန်းရပ်ကွက်၊ ပဲခူးမြို့၊
ဖုန်း-၀၉-၇၈၂၇၀၉၇၈၄၊ ၀၉-၄၅၀၁၈၂၈၂၂

## ဦးမောင်ဥာဏ်(ခ)လျှောင်ယောင်ညန် အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းအမှတ် ၂၂၄၊ မြေညီ/ယာနေ (ဒေါ်စိန်ရွှေ)၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ-ဦးခင်မောင်၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ခင်ခင်ဆွေ-ဦးမြမောင်၊ ဒေါ်လှလှဆွေ-ဦးမောင်လှ၊ ဒေါ်ခင်ဝင်းဆွေ-ဦးကျော်ဝင်း၊ ဒေါက်တာမျိုးဝင်း-ဒေါ်အေးငြိမ်းကြည်၊ ဒေါက်တာနိုင်နိုင်မော်-ဦးမြင့်သိန်းတို့၏ဖခင်၊ မြေး ၂၀ ယောက်တို့၏ အဘိုး ၊ မြစ် ၈ ယောက်တို့၏အဘေးသည် ၁၇-၅-၂၀၂၅ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကြီးရွာကျေးရွာအုပ်စု၊ ပေါင်လောင်ကျေးရွာ၊ အကွက်အမှတ်-၄၀/၂က၊ ကွင်းအမှတ်-၃၁၆၊ လက်ရှိမြေအမည်ပေါက် ဦးနေဝင်းအောင် (၀.၅၁)ဧကကျယ်ဝန်းသည့် ဂရန်မြေကွက်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကြီးရွာကျေးရွာအုပ်စု၊ ပေါင်လောင်ကျေးရွာ၊ အကွက်အမှတ်-၄၀/၂ခ၊ ကွင်းအမှတ်-၃၁၆၊ လက်ရှိ မြေအမည်ပေါက် ဦးနေဝင်းအောင် ၀.၅၂ဧက ကျယ်ဝန်းသည့် ဂရန်မြေကွက်၊ စုစုပေါင်း ဂရန်မြေကွက်(၂)ကွက် (၁.၀၃)ဧက၊ ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် FAMOUS GROUP OF COMPANIES LIMITED(ကုမ္ပဏီမှတ်ပုံတင်အမှတ်-107625909)၏ ကိုယ်စား ဒေါ်သက်ဟေသီဆွေ ဥက္ကဋ္ဌထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ယင်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်စန်းတင့် B.A(Law),LL.B | ဦးထက်ဝေမြင့် B.A(Eng),PGDL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၀) | အထက်တန်းရှေ့နေ(စဉ်-၅၅၈၅၇) |
| ဖုန်း-၀၉-၅၀၉၉၆၃၇ | ဖုန်း-၀၉-၇၅၅၇၅၆၈၈၄ |

အမှတ် (၅၈၈)၊ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ City Loft Condo၊ တိုက်အမှတ်(CL-2)၊ အခန်းအမှတ်(705)၊ အခန်းအမျိုးအစား 1Bedroom၊ အကျယ်အဝန်း ဧရိယာ(၄၈၄)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင် ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးအောင်ကျော်ဟိန်း ၁၂/မရက(နိုင်) ၁၄၀၁၄၅ နှင့် ဒေါ်ထက်ထက်ညွန့် ၁၂/လမတ(နိုင်) ၀၃၅၆၆၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်သူလဆာ ၉/မကန(နိုင်)၀၈၄၅၇၀ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မတော်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

ဒေါ်သူလဆာ (ဖုန်း-၀၉-၄၀၅၅၂၂၀၃)

## ဒေါ်သဇင်မိုး ၁၄/ဒဒရ(နိုင်)၁၄၉၄၂၅ နှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာ(၁၂)လမ်း၊ (ခေတ္တကိုရီးယား)တွင် နေထိုင်သူ ဦးဝင်းကျော်(ဘ)ဦးကျော်ဇင်ထိုက် ၇/ ပခန(နိုင်)၃၅၅၇၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဝင်းကျော်နှင့် ဒေါ်သဇင်မိုးတို့သည် ယနေ့တိုင် အကြင်လင်မယားများ ဖြစ်ကြပြီး သမီး မချောစန္ဒာလွင်အား မွေးဖွားခဲ့ပါသည်။ လွန်ခဲ့သော (၆) နှစ်ကျော်က ဦးဝင်းကျော်သည် ကိုရီးယားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခဲ့၍ အောက်ပါပစ္စည်းများအား လင်မယားသဘောတူဝယ်စေခဲ့ပါသည်။

(၁) ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင်(၂)၊ ခရေလမ်းရှိ (၁၅)ပေx(၅၅)ပေရှိခြံမြေ(၁)ကွက်။
(၂) ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာ(၁၂)လမ်းရှိ( ၄၀x ၆၀)ပေ ခြံမြေ(၁)ကွက်နှင့် မီတာ+သစ်သားအဆောက်အအုံ တစ်လုံး
(၃) ပဲခူးမြို့၊ မဟာစေတီဘုရားအနောက်မဇင်းတိုးချဲ့(၁)ရပ်ကွက်၊ (၅)လမ်းရှိ (၄၀x ၆၀)ပေရှိခြံမြေ(၁)ကွက်
(၄) ပဲခူးမြို့၊ မဟာစေတီဘုရားအနီး၊ ကျိုက်ပေါ(၉)လမ်းရှိ(၄၀x ၆၀)ပေရှိ ခြံမြေ(၂)ကွက်
(၅) ဒေးဒရဲမြို့၊ ကုလားကုန်းတန်းကျေးရွာရှိ(၅၅x ၆၀)ပေရှိခြံမြေ(၁)ကွက်နှင့် အဆောက်အအုံ(၁)လုံး။
(၆) ဒေးဒရဲမြို့၊ အောင်မင်္ဂလာကွက်သစ်၊ သာသနာ့ဗိမ္မာန်လမ်းရှိ(၄၀x ၆၀) ပေရှိခြံမြေ(၁)ကွက်
(၇) ဆိုင်ကယ်(၂)စီး

ယခုအခါ ဦးဝင်းကျော်နှင့် ဒေါ်သဇင်မိုးတို့၏ အိမ်ထောင်ရေး မသင့်မြတ်သည့် အကြောင်းတရားများရှိလာပါသောကြောင့် အထက်ပါပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ မသိရှိဘဲ ဒေါ်သဇင်မိုးအနေဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းများအပါအဝင် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ဒေါ်သဇင်မိုးမှ လိုက်နာရန်ပျက်ကွက်ပါက ၎င်းနှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းကျော်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးကြည်ခိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၁၄၉/၃၁-၈-၂၀၀၆)
ဖုန်း-၀၉-၂၅၄၇၆၉၈၆၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
မြစ်ကြီးနားခရိုင်တရားရုံးတော်
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| ဒေါ်ဇုန်းဂေါင် | နှင့် | ၁။ ဒေါ်ဇုန်းမျှော်<br>၂။ မကျန်းနန်<br>၃။ မောင်ကျန်းဘောမ်<br>၄။ မကျန်းဝင်း<br>၅။ မောင်ကျန်းဆောင်<br>၆။ မောင်ကျန်းကွေ့<br>၇။ ဦးဇုန်းနူး |
| (တရားလို) | | (တရားပြိုင်များ) |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၃)၊ အမှတ်(၇၈)တွင်အတူနေ တရားပြိုင်များဖြစ်သော ဒေါ်ဇုန်းမျှော်၊ မကျန်းနန်၊ မောင်ကျန်းဘောမ်၊ မကျန်းဝင်း၊ မောင်ကျန်းဆောင်၊ မောင်ကျန်းကွေ့၊ ဦးဇုန်းနူး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ဇုန်းဂေါင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု (ခရစ်ယာန်ဘာသာဝင်များ၏ အမွေဆက်ခံခြင်း ဥပဒေ)အရ လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇွန် လ ၁၆ရက်(၁၃၈၇ခုနှစ်၊ နယုန်လဆုတ် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊အကွက်အမှတ်(၃၆)၊ သုံးပင်ကွင်းရပ်၊ ဦးပိုင်အမှတ်(၁၂၄)၊ ဧရိယာ(၀ဒသမ၁၇၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဗိုလ်အောင်ကျော်လမ်း၊ (ခ) အနောက်လားသော်- ဦးပိုင်(၈၈ᶜ)၊ ဦးပိုင်(၈၉)၊ (ဂ) တောင်လားသော်- ဦးပိုင်(၁၂၅)၊ (ဃ) မြောက်လားသော်- ဦးပိုင်(၁၂၃)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်ငြိမ်းစုဟန်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် ရက်မှစ၍ ရက်ပေါင်း (၃၀)မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ဟင်္သာတမြို့

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဦးသန်းဌေး(ဘ)ဦးကျော်စိန် ၈/တတက(နိုင်)၀၀၉၁၀၈ နှင့် ဒေါ်မြတ်မြတ်အောင်(ဘ)ဦးအေးမြိုင် ၈/တကက(နိုင်)၀၀၉၀၀၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးသန်းဌေး-ဒေါ်မြတ်မြတ်အောင်တို့၏ ဒုတိယသမီးဖြစ်သူ မနန္ဒာမြတ်ဌေး ၈/တကက(နိုင်)၁၅၇၄၆၇သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူခဲ့ပြီး မိမိသဘောဆန္ဒအတိုင်း ဆောင်ရွက်သွား သောကြောင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးသန်းဌေး၊ | ဒေါ်ဖြိုးသက်နှင်း(LL.B) |
| ဒေါ်မြတ်မြတ်အောင် | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၃၆) |
| | ရမည်းသင်းမြို့ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ၂၈ဆူလမ်းနေ ဦးစိန်ဌေး ၁၄/ပသန(နိုင်) ၃၅၈၉၅၁၏သား မောင်စိုးဝေယံအောင် ၁၄/ပသန(နိုင်) ၂၂၂၇၆၆သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘော ဆန္ဒအရ ပြုမူသွားခြင်း၊ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါအခါ ပြုလုပ်ခဲ့ပါသဖြင့် မောင်စိုးဝေယံအောင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိန်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြစိန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၉၀၇)
အမှတ်(၅၃/က)၊တာဝတိံသာလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊
ဖုန်း-၀၉-၄၂၂၄၄၅၀၂၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အထက-ရွာသစ်ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်အေးသစ် ၉/ဝတန(နိုင်)၀၈၉၆၅၆ ၏ ဖခင်အမည် ဦးလှအောင် (ခ)ဦးမြသန်းမှာ တစ်ဦးတည်းဖြစ်ကြောင်း။

ဦးလှအောင်(ခ)ဦးမြသန်း

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မူလွန်(၂)ကျောင်း Grade(5)မှ မောင်မင်းခန့်ဇော်နှင့် Grade (1)မှ မောင်သော်ဇင်မင်းထိုက် တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် ၇/မညန(နိုင်)၁၁၂၄၄၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာနေ မအေးမြမွန်(တတိယနှစ်၊ သတ္တဗေဒ)၏ ဖခင် ဦးမြင့်နိုင်(ခ)ဦးမောင်နိုင် ၅/ကဘလ(နိုင်)၁၁၈၁၃၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/1300, BAJAT-200, T/W အား စစ်တွေမြို့၊ ညေဝတီရပ်ကွက်နေ ဦးမိုးဇော် ၁၁/စတန(နိုင်)၀၈၇၅၃၉ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက် ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/7147,TVS King-200, T/W အား စစ်တွေမြို့၊ ညေဝတီရပ်ကွက်နေ ဦးမိုးဇော် ၁၁/စတန(နိုင်)၀၈၇၅၃၉ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက် ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ.ရ/ဇ)၊ ဦးပိုင်အမှတ်(၄)၊ ၆၉X၇၀ကြား၊ ၁၀၂X၁၀၃လမ်းကြား၊ ဂရန်မြေကွက် အမည်ပေါက်သော ဦးတင်အောင်မိုး ၈/မမန(နိုင်)၀၁၃၂၈၈၊ ဒေါ်ဆွေဆွေနှင်း ၈/ပခက (နိုင်) ၀၄၁၆၂၈တို့က အမှုတွဲအမှတ်(၀၁၀၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

❖ **ဆရာများသည် တပည့်များအား ပညာကိုတတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများ ရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




ခရစ္စတယ်ပဲလေ့စ်အသင်း အက်ဖ်အေဖလားနှင့်အတူ အောင်ပွဲခံစဉ်။

## ပဲလေ့စ်အသင်း နာမည်ကြီးမန်စီးတီးအသင်းကို အနိုင်ရရှိကာ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အက်ဖ်အေဖလား ဆွတ်ခူး

ခရစ္စတယ်ပဲလေ့စ်အသင်းသည် မေ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် နာမည်ကြီး မန်စီးတီးအသင်းကို အီဇီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ○


## မေ ၂၀ ရက်အတွင်း နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် မေ ၁၈**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ❊

၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက် ပထမဆုံးနိုင်ပွဲရပြီး ရှမ်းယူနိုက်တက်နှင့် ရာမညယူနိုက်တက် သရေကျ

**ရန်ကုန် မေ ၁၈**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို မေ ၁၈ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နှစ်ပွဲဆက်သရေကျပြီး ဟံသာဝတီယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Falcon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲဆက်တိုက် အရေးနိမ့်ထားသည့် ဟံသာဝတီအသင်းသည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

ယနေ့ သတင်းအညွှန်း

ကယ်လီဖိုးနီးယားတောင်ပိုင်း သားဖွားမီးယပ်ဆေးခန်း၌ ပေါက်ကွဲမှုဖြစ်ပွား နိုင်ငံတကာသတင်း စာ ၁၄

သုံးကြိမ်မြောက် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများ ကျင်းပ ပြည်တွင်းသတင်း စာ ၂၁

တရားမဝင် သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ မှုခင်းသတင်း စာ ၂၃

နာမည်ကြီး ကိုကိုဂေါ့ဖ်ကို အနိုင်ယူပြီး အီတလီအိုးပင်းဖလား ပါအိုလီနီ ဆွတ်ခူး စာ ၂၅